# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (19-6-2007) (၅၃၅၃)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး ရှမ်းမငယ်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှု မုန်တိုင်းဆည်နှင့် မိတ္ထီလာကန်အတွင်း ရေသိုလှောင်ရရှိမှု၊ ရေပေးဝေမှု အခြေအနေများကို စစ်ဆေး ယခုနှစ်တွင် မိတ္ထီလာကန် ရေဖြည့်ပေးနေသည့် ဆည်၊ ရေလှောင်တမံများ ရေဝင်မှုကောင်းမွန်လျက်ရှိ

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး မုန်တိုင်းဆည် ရေသိုလှောင်ရရှိမှု၊ ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

(လယ်/ဆည်)

နေပြည်တော် ဇွန် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှတစ်ဆင့် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု မုန်တိုင်းဆည် ရေကူပေးမည့် ရှမ်းမငယ်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

ကြေးမုံ The Mirror

**"ဤသို့ဖြစ်သင့်၊ မဖြစ်သင့်" ဆောင်းပါးအညွှန်း**

**ဒေါ်စုကြည်ကတော့ မိမိနိုင်ငံကို နှစ်ပေါင်း(၁၀၀)ကျော် ကုပ်သွေးစုပ်ခြယ်လှယ်ခဲ့ပြီး မရနိုင်တဲ့အဆုံးကျတော့ မစားရတဲ့အမဲ သဲနဲ့ပက်၊ တိုင်းရင်းသား တွေကို သွေးခွဲလို့ တိုင်းပြည်ပျက်အောင် ဖန်တီးခဲ့တဲ့ အင်္ဂလိပ်၊ မိမိကို မွေးဖွားသန့်စင် စောင့်ရှောက်ခဲ့တဲ့ မိမိရဲ့ ဖခင်ကို သတ်ခဲ့တဲ့ အဓိကတရားခံ လူသတ်သမား အင်္ဂလိပ်ကိုမှ အိမ်ထောင်ဖက်ရွေးခဲ့သူရဲ့ မွေးနေ့ကို အကြောင်းပြုပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်မယ်ဆိုရင် ကာယကံရှင် ဒေါ်စုကြည်တော့ ဘယ်လို နေမလဲမသိ၊ ကျွန်မသာဆိုရင် ကိုယ့်မျက်နှာကို ဓားနဲ့လှီးပြီး အင်္ဂလန်သာ ပြန်ပို့လိုက်ချင်တော့တာပါပဲရှင်။**

ဒေါ်ဝေဝေမွန်၏ "ဤသို့ဖြစ်သင့်၊ မဖြစ်သင့်" (ဆောင်းပါး) စာမျက်နှာ – ၈၊ ၉


**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၉–၆–၂၀၀၇
(အင်္ဂါနေ့)

# လူကုန်ကူးမှုအန္တရာယ် တားဆီးတိုက်ဖျက် အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းဆောင်ရွက်

မျက်မှောက်ကမ္ဘာတွင် လူကုန်ကူးခံရသူ နှစ်စဉ်တစ်သန်းမှနှစ်သန်း ခန့်အထိရှိနိုင်ကြောင်း သုတေသနပြု ခန့်မှန်းချက်အရ သိရသည်။ ထို့ကြောင့် နိုင်ငံအသီးသီးက လူကုန်ကူးမှုအန္တရာယ်ကို ထိန်းချုပ် တားဆီးနိုင်ရန် ပူးပေါင်းလက်တွဲ ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုအန္တရာယ် တားဆီးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ် ဖော်ဆောင်လျက်ရှိသည်။ ၂၀၀၃ ခုနှစ်တွင် အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာ၊ ၂၀၀၄ ခုနှစ်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်များဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုတိုက်ဖျက်ရေးစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ပြီး လုပ်ငန်းတာဝန်များကို အစွမ်းကုန်ဆောင်ရွက် လျက်ရှိသည်။

သို့သော် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော လူကုန်ကူးမှုအစီရင်ခံစာ၌ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုပြဿနာ ကာကွယ်တားဆီးရန်ကြိုးပမ်းမှုမှာ အနည်းငယ် မျှသာ တိုးတက်မှုရှိပြီး နိုင်ငံခွဲခြားသတ်မှတ်ရာ၌ အဆင့်(၃)တွင်ပင် သတ်မှတ်ထားကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံအစိုးရသည် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး နှင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပူးပေါင်းလုပ်ဆောင်လျက် ရှိရာ အောင်မြင်မှုများ ရရှိနေသည်။

ထို့ပြင် လူ့အခွင့်အရေးကိုအခြေခံသည့် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင်ပြဋ္ဌာန်းပြီး ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူလျက်ရှိသည်။ အမျိုးသားအဆင့် နှီးနှော ဖလှယ်ပွဲများကျင်းပခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီး ဌာနများပူးပေါင်း၍ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့ကို မျက်မြင်တွေ့ရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုအန္တရာယ် တိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် ပတ်သက်ပြီး တိုင်းတစ်ပါးမှ မည်သို့ပင် တစ်ဖက်သတ် စွပ်စွဲနေစေကာမူ လူကုန်ကူးခံကြရသူများအား အကာအကွယ်ပေးခြင်း၊ လူကုန်ကူးသူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းတို့ဖြင့် လူကုန်ကူးမှုပြဿနာ တားဆီး တိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က တည်ဆောက်နေသော မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် နှစ်ဖက်သော ဘိုးဘွားမိဘများအား အမျှ ထား၍ သာကေတမြို့နယ် ရောဝဏ်ရိပ်သာနေ ကိုအောင်ကိုဇော်၊ မအေးစန္ဒာမြိုင်၊ သားမောင်ခန့်ဇော်၊ မောင်ခန့်သူ မိသားစုတို့က မဟာစည်နာယက ဆရာတော်များထံတွင် ရေစက်သွန်းချ အမျှပေးဝေပြီး ငွေကျပ် ၁၀ သိန်းကို ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းထိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း၌ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိုးထိအောင်စည်သာသနာ့ရိပ်သာ၌ကျင်းပသော အလှူရှင်ဦးထွန်းအောင်၊ ဒေါ်မြတ်သူ(AMA) ကားထုတ်လုပ်ရေးမှ လှူဒါန်းသည့် ဘုံသာဝေယံဓမ္မကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း (စည်ပင်ပြင်ပ) မြို့နယ် ၂၆ မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (စက်မှု–၁)

အခမ်းအနားအစီအစဉ်အရ ဗဟို အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း က သတ်မှတ်နေရာ၌ ပန္နက်ရိုက်ပေးပြီး ပန္နက်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှု ဆောင်များအားလည်းကောင်း၊ မဟာ အောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမြို့နယ် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် များအားလည်းကောင်း၊ အောင်မြေ သာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် များနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးပြီး အသင်းကြီး၏ရည်ရွယ် ချက်များ၊ လုပ်ငန်းစဉ်များကို ယခု ထက် ပိုမိုတက်ကြွစွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ မြန်မာ့ စားသောက်ကုန်လုပ်ငန်း ကနောင် ခန်းမ၌ မန္တလေးတိုင်း (စည်ပင်ပြင်ပ) မြို့နယ် ၂၆ မြို့နယ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝန်ကြီး ဒေါက်တာကျော်မြင့် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် သူနာပြု၊ သားဖွားသင်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း (အရှေ့) တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိရာ ပဲခူးတိုင်း(အရှေ့) တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။**

**ဆောင်ရွက်**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံကြီး၏ အထူးကြပ်မတ်ကုသ ခန်း၊ ခွဲစိတ်ခန်းနှင့် သွားနှင့်ခံတွင်း ကုသခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဆေးရုံဝင်းအတွင်းရှိ တည်ဆောက်လျက်ရှိသည့် နား၊ နှာခေါင်း၊ လည်ချောင်း တိုးချဲ့ကုသ ဆောင်သို့ရောက်ရှိကာ ဆေးရုံ ဆောက်လုပ်ခြင်း လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ သူနာပြု၊သားဖွားသင်တန်း ကျောင်းသို့ရောက်ရှိပြီး ဝန်ကြီးက သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ် ဆရာမကြီးနှင့်ဝန်ထမ်းများ၊ သင်တန်းသူ များအားတွေ့ဆုံ၍ စည်းကမ်းတကျ ဖြင့် ပညာသင်ကြားရေး၊ သင်ခန်းစာ များကို ကြိုးစားနာယူရေးနှင့် ခေတ်မီ သင်ကြားရေး နည်းစနစ်များဖြင့် သင်ကြားနာယူရေးများကို မှာကြားပြီး ကျောင်းအုပ်ဆရာမကြီး၏ တင်ပြချက် များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တောင်ငူမြို့ သူနာပြု၊ သားဖွားသင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရေလှောင်တမံ တည်ဆောက်မှု လုပ်ငန်းများဖြစ်သည့် ရှမ်းမငယ်ချောင်းကို မြေသားတမံဖို့မှု၊ လုပ်ငန်းအဆင့်ဆင့် တည်ဆောက်နေဆဲတွင် ဧကပေ ၂၆၀၀ တမံအတွင်း ရေသိုလှောင်ရရှိမှု၊ တမံအတွင်းပိုင်း ကျောက်စီနေမှု၊ ရေထိန်းမြှော်စင်နှင့် ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှုနှင့် ရေပိုလွှဲတည်ဆောက်နေမှုတို့ကို လည်းကောင်း၊ ရှမ်းမငယ်ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် မိတ္ထီလာကန်ကို ရေဖြည့်ပေးနေသည့် ၁၉၆၆ ခုနှစ်က တည်ဆောက်ခဲ့သော မုန်တိုင်ဆည် သဲနုန်းပို့ချမှု လျော့နည်းစေရန်နှင့် မုန်တိုင်ဆည်ရေကူပေးနိုင်ရန် အကျိုးပြုမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မတမံပြီးစီးသည့်အပိုင်းနှင့် ချောင်းနေရာ၌ ပင်မတမံကို စက်ယန္တရားများဖြင့် မြေသားဖို့လုပ်ငန်း ဆောင်ရွက်နေမှု၊ တည်ဆောက်ပြီး ရေထုတ်ပြွန်နှင့် တည်ဆောက်ဆဲ ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ရှင်းလင်းပြသသည်။

ရှမ်းမငယ် ရေလှောင်တမံသည် တမံအမြင့် ၈၉ ပေ၊ တမံအလျား ပေ ၆၈၀၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၂၁၉၁၀ ရှိသည်။ ရေထုတ်ပြွန်တွင် သုံးပေ အချင်းတစ်ပေါက်ပါရှိပြီး ရေပိုလွှဲမှာ ပေ ၄၀ အကျယ် ရှိကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ဆည်သို့ သွားရောက်၍ ရေသိုလှောင်ရရှိမှု၊ ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝမ်းက ဆည်အတွင်း၌ ကန်ရေပမာဏ ၂၇၄၀၁ ဧကပေ သိုလှောင်ရရှိသဖြင့် ရေပိုလွှဲမှ ရေကျော်နေမှုအခြေအနေနှင့် မုန်တိုင်ဆည်နှင့် မိတ္ထီလာကန်အကြား သီးနှံရေပေးရန် ရေဧကပေ ၁၁၀၀၀ ပေးဝေမှု၊ နွေစပါး ဧက ၄၀၀ အတွက် ရေဧကပေ ၂၄၀၀ ပေးဝေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် ဆည်အတွင်း ရေသိုလှောင်ရရှိမှု၊ ရေထုတ်ပြွန်နှင့် ရေပေးမြောင်းမှ ရေပေးဝေမှု၊ ရေပိုလွှဲမှ ရေကျော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မုန်တိုင်ဆည်သည် ရေလှောင်ပမာဏ ၂၇၀၄၅ ဧကပေရှိရာ ယခုအခါ ရေ ၂၇၄၀၁ ဧကပေရှိနေကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ကျေးရွာရှိ ကျေးရွာအသုံးပြုရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာလူထု စုပေါင်းလှူဒါန်းထားသည့် စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိ ရပ်ဖများ၊ ဈေးနှင့်ရေတွင်းကော်မတီတို့အား တွေ့ဆုံမှာကြားကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ကျေးရွာ အမှတ်(၉၀) အခြေခံပညာမူလတန်းကျောင်းနှင့် တိုးချဲ့ဆောင်ဆောက်လုပ်မှု၊ ကျောင်းသားကျောင်းသူများ အသုံးပြုရန် စက်ရေတွင်းမှ သောက်သုံးရေကန်သို့ ရေပေးမှုကို ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မုန်တိုင်ဆည်နှင့် မိတ္ထီလာကန် အကြား၌ ဆည်ရေဖြင့် စပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာကန် ရေကူပေးနေသည့် ချောင်းကောက်ရေလှောင်တမံမှ ဆက်သွယ်မြောင်း ဆက်စပ်ထားသည့် ညောင်ကုန်းရေလှောင်တမံသို့ သွားရောက်ပြီး ရေဝင်မှုအခြေအနေ၊ ရေကူပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ချောင်းကောက်ရေလှောင်တမံ၊ လွန်ငင်တမံ၊ လက်ခုပ်ပင်တမံနှင့် ညောင်ကုန်းရေလှောင်တမံတို့၏ ဆည်ရေရရှိမှု၊ ရေပေးဝေမှု၊ မိတ္ထီလာကန် ရေကူပေးနေမှုတို့ကို မှတ်တမ်းဖြင့် ရှင်းလင်းတင်ပြသည်။

ယခုနှစ်တွင် မိတ္ထီလာကန် ရေဖြည့်ပေးနေသည့် ဆည်၊ ရေလှောင်တမံများသည် ရေဝင်မှုကောင်းမွန်လျက်ရှိရာ ချောင်းကောက်ရေလှောင်တမံသည် ရေလှောင်ပမာဏ ဧကပေ ၁၂၅၀၀ ရှိပြီး လက်ရှိ ရေ ဧကပေ ၁၄၀၀၀ ရှိသည်။ လွန်ငင်တမံသည် ရေလှောင်တမံ ၃၂၅ ဧကပေ တွင် လက်ရှိ ၄၇၁ ရေဧကပေ ရှိပြီး လက်ခုပ်ပင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၉၅၀ တွင် လက်ရှိရေဧကပေ ၁၀၄၀ ရှိသည်။ ညောင်ကုန်းရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၃၅၀၀ တွင် လက်ရှိ ၂၆၁၇ ရေဧကပေ ရှိပြီး ညောင်ကုန်း ရေလှောင်တမံမှ မိတ္ထီလာကန်သို့ နေ့စဉ်ဧကပေ ၁၂၀ ပေးလွှတ်လျက်ရှိရာ ယခုနှစ်အတွင်း ယနေ့ထိ ၄၉၇၃ ရေဧကပေ မိတ္ထီလာကန်သို့ ရေချပေးပြီးဖြစ်သည်။ မိတ္ထီလာကန်သည် ရေလှောင်ပမာဏ ၂၁၆၆၁ ဧကပေရှိရာ ယခုအခါ ၁၆၇၈၉ ရေဧကပေ ရေသိုလှောင်ရရှိထားပြီ ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာကန်သို့သွားရောက်၍ မိတ္ထီလာကန်အတွင်း ရေပြည့်မှတ်နီးပါး ရေဧကပေ တစ်သောင်းခြောက်ထောင်ကျော် ရေဝင်ရရှိနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အာဆီယံ ပူးပေါင်းဆောင်ရွက်မှု ခရီးသွားလုပ်ငန်း ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

(၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေး (ASEAN Information Seminar Series Year V (Fy 2006-2007) ၏ အာဆီယံ ပူးပေါင်းဆောင်ရွက်မှု "ခရီးသွားလုပ်ငန်း"(Initiative for ASEAN Integration ; Tourism Sector) ဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် Tourism Diploma သင်တန်းသား သင်တန်းသူများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသတင်းထောက်များအသင်းမှအသင်းဝင်သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ပြန်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဆောင်ရွက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက "Overview on ASEAN"ကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အေးက "Initiative for ASEAN Integration Roadmap for Integration of Tourism Sector"ကို လည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန National AFTA Unit မှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက "ASEAN Economic Community (AEC)" ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက "ASEAN Investment Policy and Opportunities" ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန National AFTA Unit မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်က "Trade in Services" ကို လည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာဌာန ပါမောက္ခ (ဌာနမှူး) (အငြိမ်းစား) ဒေါက်တာဒေါ်မြင့်ကြည်က ဆောင်ရွက်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးလှိုင်ဦးက "Liberalization of Tourism Services Sector "ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဌာနမှူး ဒေါ်ခင်ဆွေမြင့်က "Tourism Knowledge for People"ကို လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက "The ASEAN Committee on Culture and Information" ကို လည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးသက်လွင်တိုးက Situation on Myanmar Tourism Development in Line of Partnership with Public & Private Sectors"ကို လည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**(၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေး၏ အာဆီယံပူးပေါင်းဆောင်ရွက်မှု "ခရီးသွားလုပ်ငန်း"ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ပြန်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့

## ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

## MYANMAR WOMEN'S DAY

## 3rd July 2007

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး သာကေတမြို့နယ် မြန်မာညွှန့် (ဘုန်းတော်ကြီးသင်) ပညာရေးကျောင်းအတွက် ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။** (မိခင်/ကလေး)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျောင်းသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်တွင် သာကေတမြို့နယ် မြန်မာညွှန့် (ဘုန်းတော်ကြီးသင်) ပညာရေးကျောင်းသို့ ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေတို့ကို ကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် ဓမ္မလင်္ကာရ (ဘုန်းတော်ကြီးသင်) ပညာရေးကျောင်းသို့ သွားရောက်ကာ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေတို့ကို ကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒာဝရထံ လှူဒါန်းသည်။

အဆိုပါ အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက တစ်ကျောင်းလျှင် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀ စီ၊ ရောင်စုံခဲတံ၊ ရိုးရိုးခဲတံ၊ ခဲဖျက်များနှင့် အလှူငွေကျပ် တစ်သိန်းစီ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၁၉-၆-၂၀၀၇ (အင်္ဂါနေ့)

### နံနက်ပိုင်း

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေးခတ်ဆန်းတေး |
| ၇း၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

### ညပိုင်း

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၀ | ၃။ လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၁၅ | ၄။ အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| ၄း၅၅ | ၆။ မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ ပညာခေတ် |
| ၅း၄၀ | ၈။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ နိုင်ငံတကာသတင်း |
| ၆း၃၀ | ၁၁။ အမျိုးသားရေးတေးကဗျာ |
| ၆း၃၅ | ၁၂။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်" (အပိုင်း-၃)** |
| ၈း၀၀ | ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ မိုးလေဝသသတင်း |
| | ၁၆။ အမျိုးသားရေးတေးကဗျာ |
| | ၁၇။ မွေးမြူသုတ |
| | ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" ဒုတိယတွဲ (အပိုင်း-၆)** |
| | ၂၀။ သင့်အတွက်မနက်ဖြန် |
| | ၂၁။ အပိတ်နှုတ်ဆက်စကား |
| | ၂၂။ ပြီးပါပြီ။ |

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် လမ်းချော်တိမ်းမှောက်သွားသည့် အမြန်ရထား တစ်စင်းကို ဇွန် ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# နယ်စပ်ဒေသများဖွံ့ဖြိုးရေး တရုတ်အစိုးရ စီမံကိန်းချမှတ်

**ပေကျင်း ဇွန် ၁၇**

တရုတ်နိုင်ငံဗဟိုအစိုးရသည် နယ်စပ်ဒေသစီမံကိန်းတစ်ရပ်ကို သောကြာနေ့တွင် ချမှတ်လိုက်ကြောင်း၊ ယင်းစီမံကိန်းအရ နိုင်ငံအတွင်း ဝေးလံသောဒေသများနှင့် ဆင်းရဲသော နယ်စပ်ဒေသများ၏ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် "နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးနှင့် နယ်စပ်ဒေသနေ ပြည်သူများ ကြွယ်ဝချမ်းသာရေး" စီမံကိန်းအရ နယ်စပ်ဒေသ စီရင်စုများ၏ လူမှုရေးနှင့် စီးပွားရေးအခြေအနေကို သက်ဆိုင်ရာ ပြည်နယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ပျမ်းမျှအဆင့်အတန်းသို့ရောက်ရှိအောင် မြှင့်တင်ရန် ကြိုးပမ်းမည်ဖြစ်သည်။

ယင်းစီမံကိန်းကို ၂၀၁၀ပြည့်နှစ်အတွင်း အကောင်အထည်ဖော်မည်ဖြစ်သည်။ နယ်စပ်ဒေသများ၏ သက်သာချောင်ချိရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသများ၌ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရများက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည်ဖြစ်သည်။နယ်စပ်ဒေသများ၏ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေကို ငွေကြေးဝန်ဆောင်မှုဌာနများက ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘဏ်များကလည်း ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း စီမံကိန်းတွင် ဖော်ပြထားသည်။ ထို့ပြင် တရုတ်နိုင်ငံသည် နယ်စပ်ဒေသများရှိ တဲအိမ်များနှင့် ယိုယွင်းပျက်စီးနေသော အဆောက်အအုံများကို အဆင့်မြှင့်တင်ပေးမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ နိုင်ငံတကာ သတင်းများ

The Mirror

# ကဘူးတွင် ဗုံးပေါက်ကွဲ၍ ၃၀သေဆုံး၊ အများအပြားဒဏ်ရာရ

**ကဘူး ဇွန် ၁၇**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၌ ဇွန် ၁၇ရက်နံနက်က ရဲတပ်ဖွဲ့ပိုင် ဘတ်စ်ကားတစ်စီးကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၃၀ထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကဘူးရှိ ရဲတပ်ဖွဲ့ဌာနချုပ် အနီးတွင် ဗုံးပေါက်ကွဲခဲ့ကြောင်း၊ ရဲအမှုထမ်းသစ် သင်တန်းသားများနှင့် ဂျပန်၊ တောင်ကိုရီးယားနှင့် ပါကစ္စတန်တို့ အပါအဝင်နိုင်ငံများမှ နည်းပြများ လိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးကို ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

# အာရှပျားများ ဝင်ရောက်လာမှု သြစတြေးလျနိုးရိမ်

**ကီယန်း ဇွန် ၁၇**

သြစတြေးလျနိုင်ငံအတွင်းသို့ အာရှနွယ်ဖွားပျားများ ဝင်ရောက်လာမှုကို တွေ့ရှိရကြောင်း၊ ပြည်ပမှ ပျားများသည် ပြည်တွင်းပျားများကို ဒုက္ခပေးလာနိုင်ဖွယ်ရှိကြောင်း သြစတြေးလျ တူဒေးအမည်ရှိ သတင်းမဂ္ဂဇင်းက ဇွန် ၁၆ရက်တွင် ရေးသားဖော်ပြသည်။

သြစတြေးလျပင်လယ်ဆိပ်ကမ်းဒေသတွင် အာရှနွယ်ဖွားပျားများကို တွေ့ရှိရကြောင်း၊ လွန်ခဲ့သည့် ၁၀နှစ်တာကာလတွင်လည်း အာရှနွယ်ဖွား ပျားများ ဝင်ရောက်မှု ခြောက်ကြိမ်ထက်မနည်း ရှိခဲ့ကြောင်း အဆိုပါ သတင်းမဂ္ဂဇင်းတွင် ရေးသားဖော်ပြသည်။သြစတြေးလျနိုင်ငံ ကီယန်းမြို့ရှိ ဆိပ်ကမ်းတွင် ရပ်နားထားသော ရွက်လှေသင်္ဘောကြီးတစ်စင်း၏ ရွက်တိုင်ထိပ်ဖျား၌ ဂျာဗားပျားများကို တွေ့ရှိရကြောင်း၊ ယင်းပျားများသည် သုံးလကြာမျှ နေထိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူပညာရှင်က တစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

# ကိုရီးယားစာသင်ကျောင်းတွင် လုံခြုံရေးစက်ရုပ်ထားရှိမည်

**ဆိုးလ် ဇွန် ၁၇**

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် လုံခြုံရေးစက်ရုပ်တစ်ရုပ်ကိုစမ်းသပ်သုံးစွဲမည်ဖြစ်ကြောင်း၊ ယင်း စမ်းသပ်မှုအောင်မြင်ပါက လုံခြုံရေးစက်ရုပ်များကို အခြားသော စာသင်ကျောင်းများသို့ ရောင်းချပေးမည်ဖြစ်ကြောင်း ကိုရီးယားတိုင်းမ်စ်သတင်းစာက ဇွန် ၁၇ ရက်တွင် ရေးသားဖော်ပြသည်။ ယင်းစက်ရုပ်ကို ဒါဆာတက်ခ် ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည်။

စာသင်ကျောင်းသား ကလေးငယ်များအားပြင်ပလူတစ်ဦးဦးက ဆွဲဆောင်စည်းရုံးမှုတစ်ခုခုကို တွေ့ရှိရပါက စက်ရုပ်က ကျောင်းတာဝန်ရှိသူများထံ သတင်းပို့ပေးမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံရှိ ပညာသင်ကျောင်းများတွင် လုံခြုံရေး အစောင့်အရှောက်အဖြစ် စက်ရုပ်အသုံးပြုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

လုံခြုံရေးစက်ရုပ်ကို လက်လီဈေးနှုန်းဖြင့် စက်ရုပ်တစ်ရုပ်လျှင် အမေရိကန် ဒေါ်လာ ၁၀၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

ယင်းစက်ရုပ်သည် တစ်နာရီလျှင် ၅ကီလိုမီတာ အကွာအဝေးအထိ လမ်းလျှောက်နိုင်ရန် စီစဉ်ထားသည်။ လမ်းကြောင်းများတွင် လှည့်လည်စောင့်ကြပ်ပေးမည်ဖြစ်သည်။ ယင်းစက်ရုပ်တွင် ကင်မရာနှင့် မိုက်ကရိုဖုန်းတို့ ပါရှိပြီး ဆရာ၊ ဆရာမများ၊ လုံခြုံရေးဝန်ထမ်းများနှင့်ဆက်သွယ်နိုင်စေရန် စီစဉ်ထားသည်။***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ ဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသောကားတစ်စီးကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဆာဒီးနီးယားကျွန်းတွင် ရထားနှစ်စင်းတိုက်မိ

**ကာဂလီယာရီ ဇွန် ၁၇**

အီတလီနိုင်ငံပိုင် ဆာဒီးနီးယားကျွန်းတွင် သောကြာနေ့က ရထားနှစ်စင်းတိုက်မိကြသဖြင့် ဗြိတိသျှခရီးသည်တစ်ဦးနှင့် အီတလီနှစ်ဦးတို့ သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းကျွန်းသည် မြေထဲပင်လယ်အတွင်း တည်ရှိသည်။

သေဆုံးသည့် ဗြိတိသျှခရီးသည်မှာ အသက် ၂၈ နှစ်ရှိ အယ်လီဇဘက် အန်ဘီဗာဆိုသူဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်း၏အဖော် ကနေဒါနိုင်ငံသား မတ်ဟိုးဝပ်ပွန်ဘေးသည် ရထားတိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ဒဏ်ရာရသူ ခြောက်ဦးနှင့်အတူ ဒေသန္တရဆေးရုံသို့ တင်ပို့ထားရသည်။

အခြားသေဆုံးသူနှစ်ဦးမှာ ဒေသခံရထားစီးခရီးသည်နှင့် စက်ခေါင်းမောင်းတစ်ဦးတို့ဖြစ်ပြီး ကျန် စက်ခေါင်းမောင်းတစ်ဦးသည် ဒဏ်ရာရရှိသည်။

အဆိုပါ ရထားတိုက်မှုသည် အော်တီဂါလီနှင့် ဘီရိုရီဒေသအတွင်း နံနက် ၇ နာရီ ၃၅ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မီးသတ်ဌာနက ပြောကြားသည်။

ရထားတိုက်ရသည့် အကြောင်းရင်းမှာ စက်ခေါင်းမောင်း၏ အမှားကြောင့်ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အီရန်ကိုမတိုက်ရန် မိုဟာမက်ဘာရာဒေး သတိပေး

**ဗီယင်နာ ဇွန် ၁၇**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ပျက်ပြားစေရန် အမေရိကန်က အရေးယူတိုက်ခိုက်မှုမပြုသင့်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)အကြီးအကဲမိုဟာမက်ဘာရာဒေးက ဇွန် ၁၅ ရက်တွင်သတိပေးလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ပျက်ပြားစေရန် စစ်ရေးအရ အရေးယူသင့်သည်ဟု အမေရိကန် နိုင်ငံရေးသမားအချို့က ပြောဆိုနေခြင်းမှာ ရူးသွပ်မှုလုပ်ရပ် ဖြစ်လိမ့်မည်ဖြစ်ကြောင်း အိုင်အေအီးအေအကြီးအကဲ ဘာရာဒေးက ပြောကြားသည်။ စစ်ရေးအရ အရေးယူသောနည်းလမ်းသည် အဓိကပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ အိုင်အေအီးအေအုပ်ချုပ်ရေး ဘုတ်အဖွဲ့သည် အီရန်နိုင်ငံ၏ခြေလှမ်းများကို အနီးကပ်စောင့်ကြည့်သင့်ကြောင်း၊ အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်မှုအခြေအနေကို မိမိတို့မျက်ခြည်မပြတ်သင့်ကြောင်း ဘာရာဒေးက ပြောကြားသည်။ ***အင်တာနက်။***

# ဗီယက်နမ်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် တစ်ဦးသေဆုံး

**ဟန္နိုင်း ဇွန် ၁၇**

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၅ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် လူတစ်ဦး သေဆုံးကြောင်း အစိုးရ သတင်းရပ်ကွက်ကို ကိုးကားလျက် နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူ ၄၃ဦးအထိ ရှိခဲ့ပြီဖြစ်သည်။

ယင်းရောဂါဖြင့် နောက်ဆုံးသေဆုံးသူမှာ နိုင်ငံမြောက်ပိုင်း ဟာတေးပြည်နယ်မှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြသော်လည်း သေဆုံးသူမည်သူဖြစ်သည်ကိုလည်းကောင်း၊ မည်သို့ ရောဂါပိုး ကူးစက်ခံခဲ့ရသည်ကိုလည်းကောင်း မသိရပေ။

ဟာတေးပြည်နယ်သည် ကြက်ငှက်တုပ်ကွေးရောဂါ စောင့်ကြည့်ခံရသည့် ပြည်နယ်များစာရင်းတွင် မပါဝင်ပေ။ မြို့တော် ဟန္နိုင်းအနီးရှိ ယင်းပြည်နယ်သည် မြို့တော်အတွက် ကြက်ငှက်အသားအဓိက ထောက်ပံ့ပေးနေသည့် ဒေသတစ်ခုဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖတ်စ်မြို့တွင် မိုးရွာသွန်းမှုကြောင့် ရေကြီးနေသည်ကို ဇွန် ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အမျိုးသမီးစစ်သမီးများအား ပထမဆုံးအကြိမ် ခေါ်ယူရေး ဗြိတိသျှ ဂေါ်ရခါးတပ်ဖွဲ့ လေ့လာနေ

**ခတ္တမန္ဒူ ဇွန် ၁၇**

ဗြိတိသျှ ကြည်းတပ်အောက်ရှိ ဂေါ်ရခါးတပ်ဖွဲ့အတွက် အမျိုးသမီးစစ်သမီးများကို ပထမဆုံးအကြိမ် ခေါ်ယူမည်ဖြစ်ကြောင်း ဇွန် ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဗြိတိသျှကာကွယ်ရေး ဝန်ကြီးဌာနသည် ဂေါ်ရခါးတပ်ဖွဲ့တွင် ပထမဆုံးအကြိမ် အမျိုးသမီးစစ်သမီးများခန့်အပ်နိုင်ရေးအတွက် အသေးစိတ် လေ့လာလျက်ရှိကြောင်း နီပေါနိုင်ငံရှိ ဗြိတိသျှစစ်သံမှူး ဗိုလ်မှူးကြီး ဂျာရမီအဲလစ်က ပြောကြားသည်။ ၎င်းသည် ဂေါ်ရခါးတပ်ဖွဲ့၏ တပ်မှူးလည်းဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် ပြင်ဆင်ပြောင်းလဲထားသည့် ကျား၊ မ ခွဲခြားဆက်ဆံမှုပပျောက်ရေး အက်ဥပဒေအရ ဂေါ်ရခါးတပ်ဖွဲ့တွင် အမျိုးသမီးစစ်သမီးများကို ခေါ်ယူရန် လိုအပ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဗြိတိသျှကြည်းတပ်အောက်ရှိ ဂေါ်ရခါးတပ်ဖွဲ့အတွက် နှစ်စဉ်နီပေါလူမျိုးအမျိုးသမီးစစ်သည် မည်မျှခေါ်ယူမည်ကို ကာကွယ်ရေးဝန်ကြီးဌာနက ဆုံးဖြတ်ပေးရန်ရှိကြောင်း အဲလစ်က ပြောကြားသည်။

ဂေါ်ရခါးတပ်ဖွဲ့အတွက် စစ်သမီးများ ခေါ်ယူမည့် ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို စတင်မည်ဖြစ်ကြောင်း၊ အသက် (၁၈)နှစ်မှ (၂၁)နှစ်အရွယ် အထိဖြစ်သော နီပေါအမျိုးသမီး ၄၀ ခန့်ကို လေ့ကျင့်ပေးဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။

ဂေါ်ရခါးတပ်ဖွဲ့သည် သစ္စာရှိမှုနှင့် ရဲစွမ်းသတ္တိရှိမှု စသည့် ဂုဏ်သတင်းများနှင့် ပြည့်စုံသောတပ်ဖွဲ့ဖြစ်ကြောင်း အဲလစ်က ပြောကြားသည်။

***အင်တာနက်။***

**ဗင်နီဇွဲလားနိုင်ငံ တာမိုဇူလီယာ ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် သမ္မတ ဟူဂိုချာဗက်ဇ်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ရေအားလျှပ်စစ်စက်ရုံများ ရုရှားနှင့် အိန္ဒိယကုမ္ပဏီများ တည်ဆောက်မည်

**စိန့်ပီတာစဘတ်ဂ် ဇွန် ၁၇**

အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရုရှားနိုင်ငံရှိ Unified Energy System ကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံရှိ Sun Group တို့ လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဇွန် ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဂ်မြို့တွင် ကျင်းပသည့် စီးပွားရေးဖိုရမ်ဆွေးနွေးပွဲကာလအတွင်း ယင်းသဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်သည်။ မိမိတို့ကုမ္ပဏီနှစ်ခုသည် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အခြေခံမှုဖြင့် အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် ရေအားလျှပ်စစ် ထုတ်လုပ်ရေး စက်ရုံများကို ဖက်စပ်ထူထောင်သွားမည်ဖြစ်ကြောင်း ရုရှားကုမ္ပဏီအကြီးအကဲ အန်နာတိုလီချူဘေယစ်က ပြောကြားသည်။

***အင်တာနက်။***

# အမေရိကန် နိုင်ငံခြားရေးဌာန မီးလန့်မှုဖြစ်ပွား

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ နိုင်ငံခြားရေးဌာနတွင် သောကြာနေ့က မီးလန့်မှုဖြစ်ပွားခဲ့သဖြင့် ရုံးအဆောက်အအုံအတွင်းမှ ဝန်ထမ်းများ အဆောက်အအုံပြင်ပသို့ အရေးပေါ်ထွက်ခွာခဲ့ကြရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

သောကြာနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားသည်ဟု မီးဘေးသတိပေးကိရိယာမှ သတိပေးချက် ပေါ်ထွက်ခဲ့သည်။ မီးသတ်ကားနှစ်စီး ရောက်ရှိ လာခဲ့သော်လည်း ယင်းအဆောက်အအုံနှင့် အဆောက်အအုံအပြင်ဘက်တို့တွင် မီးခိုးများ ထွက်ပေါ်လာခြင်း မရှိသည်ကို တွေ့ရှိခဲ့ကြရသည်။

***အမ်အင်အေ၊ရိုက်တာ။***

## နိုင်ငံခြားသတင်းများ

# တာဂျီကစ္စတန် တရားရုံးချုပ်အနီး ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ထိခိုက်သူမရှိ

**ဒူရှန်ဘေ ဇွန် ၁၇**

တာဂျီကစ္စတန်နိုင်ငံ မြို့တော် ဒူရှန်ဘေရှိ တရားရုံးချုပ် အဆောက်အအုံအနီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အဆောက်အအုံ၏ ပြတင်းမှန်များ ကွဲခဲ့ရပြီး ခြံစည်းရိုးပျက်စီးသွားကြောင်း အစိုးရရှေ့နေချုပ်က စနေနေ့တွင် ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုမှာ ပြည်သူများ ထိတ်လန့်စေရန် ရည်ရွယ်သည့် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်နိုင်ကြောင်း၊ မည်သူမျှထိခိုက်မှုမရှိကြောင်း ၎င်းက ပြောကြားသည်။

၁၉၉၂ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ပြည်တွင်းစစ် ဖြစ်ပွားခဲ့သော တာဂျီကစ္စတန်နိုင်ငံတွင် လက်နက်များ ပေါများစွာရှိနေသည်။

***အမ်အင်အေ၊ရိုက်တာ။***

**တူရကီတပ်ဖွဲ့ဝင်များ တူရကီ-အီရတ် နယ်စပ်အနီး၌ ကင်းလှည့်နေသည်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# မာဖီးယားခေါင်းဆောင် သတ်ဖြတ်ခံရ

**ရောမ ဇွန် ၁၇**

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ မာဖီးယားဂိုဏ်း ထိပ်တန်းခေါင်းဆောင်တစ်ဦး သတ်ဖြတ်ခံခဲ့ရကြောင်း ဇွန်၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ အသတ်ခံခဲ့ရသူမှာ နီကိုလို အင်ဂါရာအိုဆိုသူဖြစ်သည်။ ၎င်းကို မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လိုက်ပါလာသော သေနတ်သမားတစ်ဦးက ပါလာမိုမြို့ ရဲစခန်းတစ်ခုအနီးတွင် တိုက်ခိုက်ခဲ့ကြောင်း အီတလီ အင်ဆာ သတင်း အေဂျင်စီက သတင်းထုတ်ပြန်သည်။

ဒုစရိုက်ဂိုဏ်းအချင်းချင်း အန်တုဖက်ပြိုင်ရာမှ သတ်ဖြတ်မှု ပေါ်ပေါက်သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အင်တာနက်။***

# တရုတ်ရေလွှမ်းမိုးမှု ၁၂၈ ဦးသေဆုံး၊ ၂၄ ဦးပျောက်ဆုံး

**ပေကျင်း ဇွန် ၁၇**

တရုတ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများကြောင့် ဇွန် ၁၅ ရက်အထိ ၁၂၈ ဦး သေဆုံးပြီး ၂၄ ဦး ပျောက်ဆုံးနေကြောင်း ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးနှင့် မိုးခေါင်မှုဘေးဒဏ် လျော့ပါးရေးဌာနချုပ်က စနေနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းတွင်မူ မိုးခေါင်မှုဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါဌာနချုပ်က ပြောကြားသည်။ ရေလွှမ်းမိုးမှုကို ပြည်သူ ၂၂ ဒသမ ၇၂ သန်း တွေ့ကြုံကြရပြီး စိုက်ခင်းဟက်တာ ၁ ဒသမ ၂၂ သန်း ရေနစ်မြုပ်ရကြောင်း၊ စီးပွားရေးအရ ယွမ် ၈ ဒသမ ၉၂ ဘီလီယံဖိုး ဆုံးရှုံးရကြောင်း ဌာနဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ပြင်သစ်နိုင်ငံ လီမန်းစ် ကားမောင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ကားတစ်စီးကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဇီဝလောင်စာ ထုတ်လုပ်ရေး ကြံနှင့် ပြောင်းဖူး မသုံးစွဲသင့်

**ဂျီနီဗာ ဇွန် ၁၆**

ကြံနှင့် ပြောင်းဖူးတို့ကို ဇီဝလောင်စာအဖြစ် ပြောင်းလဲထုတ်လုပ်ပါက ကမ္ဘာတစ်ဝန်းတွင် ငတ်မွတ်မှုပြဿနာပေါ်ပေါက်နိုင်ပြီး လူ သန်းနှင့်ချီ၍ သေဆုံးဖွယ်ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ အထူးသံတမန်တစ်ဦးက စနေနေ့တွင် သတိပေးပြောကြားလိုက်သည်။

ပြည်ပမှ ရေနံတင်သွင်းမှု လျှော့ချရန်အတွက် ဇီဝလောင်စာတိုးမြှင့်ထုတ်လုပ်ရန် ကြိုးပမ်းနေသည့် ဥရောပသမဂ္ဂ(အီးယူ)၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အပြောနှင့်လက်တွေ့ မညီညွတ်သူများဖြစ်သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့မှ အထူးသံတမန် ဂျင်းဇီဂလာက စွပ်စွဲပြောကြားသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအတွက် စိုးရိမ်မကင်းဖြစ်မှုများကြောင့် ချမ်းသာကြွယ်ဝသည့် နိုင်ငံများတွင် အစားထိုးလောင်စာဝယ်လိုအား မြင့်မားလျက်ရှိသည်။ သို့ရာတွင် ဇီဝလောင်စာတိုးမြှင့်ထုတ်လုပ်မှုအပေါ် လူအချို့က ဝေဖန်ပြောကြားလျက်ရှိကြသည်။ ဇီဝလောင်စာထုတ်လုပ်မှုကြောင့် စားနပ်ရိက္ခာအတွက် ကြီးမားသည့် အန္တရာယ်ဖြင့် ကြုံတွေ့နိုင်ကြောင်း၊ ယင်းသို့ ပြုလုပ်ခြင်းကြောင့် လူသန်းနှင့်ချီကာ ငတ်မွတ်မှုကြောင့် သေဆုံးနိုင်သည်ဟု ဇီဂလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အမှတ်(၁)စက်မှုဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်ရုံများနယ်မြေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၆ရက် ညနေပိုင်းတွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ရွှေကျင်နိကာယ ဓိပတိဥက္ကဋ္ဌ မဟာနာယက (ရွှေကျင်သာသနာပိုင်) နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂိယအားလည်းကောင်း၊ မြဲတောင်တိုက် သာသနပါလ ရွှေဝါဝင်းကျောင်းတိုက်၌ မန္တလေးတိုင်း သံဃနာယက(ဥက္ကဋ္ဌ)၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သာသနာဘိဝံသအားလည်းကောင်း၊ တောင်စလင်းတိုက်သစ် မဟာအောင်မြေ ဓမ္မဗိမာန်၌ တောင်စလင်းတိုက်သစ် ပဓာန မဟာနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ တိက္ခ (ဝါခင်းကုန်း) ဆရာတော်အားလည်းကောင်း ဖူးမြော်ကြည်ညို၍ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် စက်ရုံများနယ်မြေရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်)၌ ကြက်ဆူဆီမီးဖို စမ်းသပ်တီထွင်မှုကိုကြည့်ရှုရာ စက်ရုံမှူး ဦးသန်းဦးက ကြက်ဆူဆီမီးဖို သုံးစွဲနည်း၊ ကြက်ဆူဆီမီးဖို ပြုပြင်ထိန်းသိမ်းနည်းနှင့် တီထွင်ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကြက်ဆူဆီမီးဖို အသုံးပြု စမ်းသပ်ပြသခြင်းကိုလည်းကောင်း၊ ကြက်ဆူဆီမီးဖိုတွင် ပါဝင်သော မီးဖိုကိုယ်ထည်၊ လေကာ၊ မီးပြောင်း၊ ဆီငွေ့ပျံ ပစ္စည်းများ၊ ဆီတိုင်ကီအဝင်ခေါင်း၊ ဆီငွေ့ပျံပိုက်၊ တီပုံစံသန့်စင်ကိရိယာ၊ ဆီဘူးနှင့် လေထိုးတံ စသည့် အစိတ်အပိုင်းများကိုလည်းကောင်း အသေးစိတ် ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ ကြက်ဆူဆီသုံး မီးဖိုကို ကျောက်ဆည်စက်မှုနယ်မြေရှိ အပ်ချုပ်စက် စက်ရုံ၊ စက်ဘီးစက်ရုံ၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)တို့မှ ပူးပေါင်း၍ ထုတ်လုပ်ခြင်းဖြစ်ပြီး ယခုအခါ ရှေ့ပြေးခြောက်လုံးကို စမ်းသပ်ထုတ်လုပ်ပြီးဖြစ်သည်။

ဆက်လက်၍ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)၏ မူလစက်ခေါင်းပုံစံကို ဝိတ်ဘီး (Weight Wheel) အသစ်နှင့် ပိုမိုသွက်လက် ညက်ညောအောင် စီမံထုတ်လုပ်ထားသော ဒီဇိုင်းသစ်အပ်ချုပ်စက်ခေါင်းအသစ် စမ်းသပ်ချုပ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (ကျောက်ဆည်)မှ တီထွင်ထုတ်လုပ်သော စပါးခွံလောင်စာသုံး၍ လျှပ်စစ်မီး ထုတ်လုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးကိုကိုလွင်က စပါးခွံကို ကတ္တရာ မပါအောင် အသုံးပြုပုံ အဆင့်ဆင့်နှင့် လျှပ်စစ်မီးထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြသသည်။

အဆိုပါ စပါးခွံလောင်စာသုံး လျှပ်စစ်ထုတ်စက်ကို စွပ်ကျယ်စက်ရုံ စက်ရုံမှူးနှင့် အင်ဂျင်နီယာများက တီထွင်ကြံဆ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့နောက် ဝန်ကြီးက ကန္တရပင်၊ ပဲစင်းငုံပင်များမှလည်း စမ်းသပ်ထုတ်လုပ်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)သို့ရောက်ရှိ၍ စက်ထိုးစက်ရုံအတွင်း ပြသထားသော ကျားဝတ်၊ မဝတ်စွပ်ကျယ်၊ ရှပ်အင်္ကျီနှင့် ကလေးဝတ်အထည် ဒီဇိုင်းပုံစံသစ်များကိုလည်းကောင်း၊ ဖြတ်စ အလေအလွင့်များမှ ပြန်လည်ထုတ်လုပ်သည့် ကုန်ထုတ်ပစ္စည်းများကိုလည်းကောင်း၊ အထည်ချုပ် ဌာန၏ အချောထည်ချုပ်လုပ်မှုလုပ်ငန်းနှင့် စက်ရုံမှ ထုတ်လုပ်သော အထည်ပစ္စည်း အမျိုးမျိုးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းရွာ မုဋ္ဌလိန္ဒာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစု၏ ထာဝရ ဆွမ်းပဒေသာပင် ငွေကျပ် သိန်း ၅၀ ရေစက်ချလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးက ထာဝရဆွမ်းပဒေသာပင် ငွေစု စာအုပ်ကို မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သောပါလထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒာဘာသက အနုမောဒနာတရား ဟောကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (ကျောက်ဆည်)မှ တီထွင်ထုတ်လုပ်သော စပါးခွံလောင်စာသုံး၍ လျှပ်စစ်မီးထုတ်လုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၁)

## ယမိုက်ပဋ္ဌာန်း စာဝါတက်ရောက်နိုင်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လှုရတနာကျောင်း၌ စာချဆရာတော် အရှင်တေဇနိယ(ပဋ္ဌာန်းအလင်းရောင်ကျမ်း၊ ယမကအလင်းရောင်ကျမ်း)က (၁၃၆၉ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ရက်) ဇွန် ၂၁ရက် ညနေ ၄နာရီမှစ၍ (ဥပုသ်နေ့မှတစ်ပါး)ပထမကြီးတန်းအတွက် အထက် ယမိုက်ကျမ်း၊ ယင်းနေ့နံနက် ၈နာရီတွင် ဝိဇယသိင်္ဂီကျောင်း၌ လူပုဂ္ဂိုလ်များအတွက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အောက်ယမိုက်နှင့် ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် ပဋ္ဌာန်းပို့ချမည်ဖြစ်၍ သင်္ဂြိုဟ်အခြေခံ အသင့်အတင့်ရှိသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

## မင်္ဂလာဗျူဟာ ဝတ်ရွတ်စဉ်သင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၂၄)ကြိမ်မြောက် မင်္ဂလာဗျူဟာ ဝတ်ရွတ်စဉ်သင်တန်းကို ဇွန် ၃၀ရက်မှ ဇူလိုင် ၂၆ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ နည်းပြဆရာ ဦးကျော်မြိုင်က ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် အထက်ပါအသင်းတိုက် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်းနှင့် သင်တန်းဖွင့်ပွဲကို ဇွန် ၃၀ရက် မွန်းတည့် ၁၂နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲ

**ရန်ကုန် ဇွန် ၁၈**

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ယနေ့နံနက် ၈နာရီခွဲမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသား ရေကူးကန်တွင်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရေကူး အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် မီတာ ၅၀၊ ၁၀၀ အလွတ်ကူး၊ လိပ်ပြာကူး၊ ပက်လက်ကူးနှင့် ရင်ပေါင်တန်းကူး ပြိုင်ပွဲများ၊ မီတာ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊အမျိုးသား၊ အမျိုးသမီး ပွဲစဉ်များ၊ မီတာ ၂၀၀ အမျိုးသားလိပ်ပြာကူးနှင့် အမျိုးသမီး ရင်ပေါင်တန်းကူး ပွဲစဉ် စုစုပေါင်း ပွဲ ၂၀ ကို ကျင်းပသည်။ ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ရွေးချယ်လေ့ကျင့်ပေးနေသည့် ဒိုင်ဗင်အားကစားသမားများက ဟန်ချက်ညီနှစ်ယောက်တွဲ ဒိုင်ဗင်စွမ်းရည် သရုပ်ပြသကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မီတာ ၂၀၀ အလွတ်ကူး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားလိပ်ပြာကူးပြိုင်ပွဲ ဆုရရှိသူများကို ဆုကြေးငွေများနှင့် သရုပ်ပြသခဲ့သော ဒိုင်ဗင်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ယှဉ်/လေ့) ဦးနော်တောင်က အမျိုးသမီး မီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲနှင့် အမျိုးသားမီတာ ၁၀၀ အလွတ်ကူး ပြိုင်ပွဲဆုရရှိသူများကို ဆုကြေးငွေများ ချီးမြှင့်သည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အမှုဆောင်များက ပြိုင်ပွဲများ၌ ဆုရ အားကစားမောင်မယ်များကို အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယခုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုကြေးငွေများနှင့် ဒိုင်ဗင်သရုပ်ပြအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ချီးမြှင့်ငွေစုစုပေါင်း ငွေကျပ် ၂၂၄၀၀၀ ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

**မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သရုပ်ပြသခဲ့သော ဒိုင်ဗင်အဖွဲ့အား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။** (ကြေးမုံ)

## တစ်ချက်တည်းဖြင့် ကျင်းဝင်

**နေပြည်တော် ဇွန် ၁၈**

ဗိုလ်မှူးရွှေပြည်ဟိန်းသည် ဇွန် ၁၄ ရက်က ပုသိမ်ဂေါက်ကွင်း ကျင်းအမှတ် (၄)၌ Titleist-Pro V 1 အမျိုးအစား ဂေါက်သီးကို Honma အမျိုးအစား Iron 7 တုတ်ဖြင့် ၁၄၄ ကိုက် အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ကိုနေမျိုးအောင်၊ ကိုကျော်ငွေး၊ ဦးထွန်းဦးတို့ အတူကစားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တစ်ချက်တည်း ကျင်းဝင်

**တောင်ကြီး ဇွန် ၁၇**

ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာစိုင်းခမ်းလှိုင်သည် ဇွန် ၁၇ရက် နံနက်က တောင်ကြီးဂေါက်ကွင်း ကျင်းအမှတ်(၁၇)တွင် TOUR SPSEIN NO 1 ဘောလုံးကို MIZUNO သံတုတ်နံပါတ်(၅)ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များအဖြစ် ဒေါက်တာကြည်စိုး(စဝ်စံထွန်းဆေးရုံအုပ်ကြီး)၊ ဒေါက်တာအေးချို (လသာဆေးခန်း)၊ ဒေါက်တာဗလ(မေတ္တာရှင်အခမဲ့ဆေးကုခန်း)တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၆-၂၀၀၇ (အင်္ဂါနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ဆရာ-ဒကာဆက်ဆံရေး သင်တန်း(ပထမပိုင်း) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ မော်ကွန်းထိန်းဆရာတော် (နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်) |
| ၈:၃၀ | Sunday Talk |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | ကျန်းမာစေမည်"ပဲပိစပ်ဆီ" |
| ၉:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၅ | Music Gallery (နတ်ရေကန်လေးထဲက ရွှေမာလာ-ပိုးအိစံ) |
| ၁၀:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၀ | တီကောင်စွန့်ပစ် ဩဂဲနစ် |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | မြန်မာ့ခြင်းလုံး |
| ၁၀:၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၀၀ | ကွန်ရက်ပမာယုက်သွယ်ဖြာ |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၃၅ | မြန်မာ့ဘောလုံး၏ ခြေလှမ်းသစ်များ(ဘရာဇီး လူမျိုးနည်းပြနှင့်တွေ့ဆုံခြင်း) |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ရဝေအောင်နှင့်တွေ့ဆုံခြင်း" |
| ၁၂:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | စာပေပညာရှင်များနှင့်တွေ့ဆုံ ဆွေးနွေးခြင်း (ဒေါ်စောမုံညင်း) |
| ၁၂:၅၅ | တေးဂီတအစီအစဉ် |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဧရာဝတီတိုင်း) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၁၈

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဇွန် ၈ ရက် နံနက် ၈ နာရီတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း သာလွန်ခန်းမ၌ကျင်းပသော မြို့နယ်စစ်မှုထမ်းဟောင်း သင်တန်းအမှတ်စဉ် (၁/၂၀၀၇) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသားစံပြဆုရရှိသူအား ဆုချီးမြှင့်သည်။**

ငင်းနောက် တိုင်းမှူးသည် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပသော မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဧရာဝတီတိုင်း) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးမောင်ဉာဏ်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းဝင်များ၊ဧရာဝတီတိုင်း တိုင်းရင်းဆေးဆရာ အသင်းဝင်များနှင့် ဆေးဝါးထုတ်လုပ်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြန်မာ့ရေမြေ သဘာဝရာသီဥတုနှင့် ယဉ်ကျေးမှုရိုးရာ ဓလေ့စရိုက်နှင့်အတူ အစွမ်းထက်မြက် ထိရောက်သော တိုင်းရင်းဆေးပညာ၏ အဖိုးမဖြတ်နိုင်သော အစွမ်းသတ္တိများကို ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ကာ ၎င်းကုထုံးစွမ်းအားများဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ယုံကြည်ကိုးစား အားထားရသော တိုင်းရင်းဆေးသမားတော်ကြီးများအဖြစ် ဆေးကုသမှုဆောင်ရွက်ရင်း ရောဂါလက္ခဏာများကို စူးစမ်းလေ့လာပြီး သုတေသနလုပ်ငန်းများ၊ ကုထုံးသစ်များကို သိပ္ပံနည်းကျပြုလုပ်ကာ တိမ်မြုပ်ပျောက်ကွယ်နေသော အဖိုးမဖြတ်နိုင်သည့် ဆေးကျမ်းများနှင့် နည်းနာရပ်များကို ဖော်ထုတ်သွားရေး မှာကြားသည်။

ငင်းနောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးမောင်ဉာဏ်က အမှာစကားပြောကြားပြီး အစီအစဉ်ပထမပိုင်းကို ရပ်နားသည်။ ဆက်လက်၍ အစီအစဉ်ဒုတိယပိုင်းအဖြစ် သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲ ပြုလုပ်သည်။

ဧရာဝတီတိုင်းတွင် တိုင်းဦးစီးမှူးရုံး တစ်ရုံး၊ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တစ်ရုံ၊ ခရိုင်တိုင်းရင်းဆေးကုဌာန ငါးခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၅ ခု စုစုပေါင်း၃၀ဌာနဖွင့်လှစ်ထားရှိပြီး ဆေးကုဌာနများတွင်တစ်လပျမ်းမျှလူနာ ၈၂၅၀ ကုသပေးလျက်ရှိကာကွင်းဆင်း ကုသလူနာတစ်လပျမ်းမျှ ၆၂၁၅ ဦးခန့်ဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

### ➪ ကျောဖုံးမှ

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းအတွင်း ကျွန်းအထူးစိုက်ခင်း ဧက ၇၀၀ ယာယီပျိုးဥယျာဉ် ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ သစ်တောဦးစီးဌာန လယ်ဝေးမြို့နယ် ဦးစီးအရာရှိ ဦးသန်းကျော်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့က ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စိုက်ခင်းအတွင်း စိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု၊ ပျိုးပင်များသယ်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ် ရန်ပါယ်ကြိုးဝိုင်းအတွင်းရှိ သစ်စေ့ထုတ်ဧရိယာ ဧက ၃၀နှင့် ၂၀၀၁ခုနှစ် ကျွန်းအထူးစိုက်ခင်းဧက ၂၅၀စိုက်ခင်းများသို့ ရောက်ရှိပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ❍ ပြင်းထန်သော အပူလှိုင်းမှ

မြေထဲပင်လယ်ဒေသတွင် ဥရောပ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသ အချို့တို့ပါဝင်သည်။ ကမ္ဘာပေါ်တွင် မှန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များထုတ်လွှတ်မှုကြောင့် မြေထဲပင်လယ်ဒေသ၌ အပူလှိုင်းကျရောက်နိုင်သည့် နေ့ရက်များအရေအတွက်သည် လက်ရှိအခြေအနေထက် အနာဂတ်ကာလတွင် ပို၍များပြားလာစရာရှိသည်ဟုဆိုသည်။ ရာခိုင်နှုန်းအားဖြင့်ဆိုလျှင် ၂၀၀ ရာခိုင်နှုန်းမှ ၅၀၀ရာခိုင်နှုန်းအထိ ပိုမိုများပြားလာနိုင်စရာရှိကြောင်း ရူပ-ပထဝီသုတေသနစာစောင်တွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၀၃ ခုနှစ်က အပူလှိုင်းကျရောက်ခဲ့၍ ပြင်သစ်ပြည်သူများ အပူဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည်။ ၂၁ရာစုနှစ်၏ နောက်ပိုင်းကာလများတွင် ပူပြင်းသည့်နေ့ရက်များသည် ပြင်သစ်နိုင်ငံ၌ မကြာခဏ ကျရောက်လာနိုင်စရာရှိသည်ဟုဆိုသည်။

သို့ရာတွင် မှန်လုံအိမ်အာနိသင်ရှိသောဓာတ်ငွေ့များ ထုတ်လွှတ်မှုကို သိသာစွာလျှော့ချနိုင်မည်ဆိုလျှင် အပူလှိုင်းကျရောက်မည့်နေ့ရက်များ အရေအတွက်ကိုလည်း ၅၀ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်းကို လေ့လာတွေ့ရှိရသည်ဟု ပညာရှင်များကဆိုသည်။ ပညာရှင်များသည် မြေထဲပင်လယ်ဒေသ၌ ဖြစ်ပေါ်လာနိုင်သော ရာသီဥတုအခြေအနေကို ၂၀၉၉ခုနှစ်အထိ ခန့်မှန်းတွက်ချက်ကြည့်ရာမှ အထက်ပါရလဒ်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ ၂၀၀၃ ခုနှစ် အပူလှိုင်းကျရောက်စဉ်က လူပေါင်း ၁၅၀၀၀မျှသေဆုံးခဲ့ရပြီး၊ အီတလီနိုင်ငံတွင် လူပေါင်း ၃၀၀၀နီးပါးမျှ အသက်ဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိခဲ့ရသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ၂၀၀၃ခုနှစ်က အပူလှိုင်းကျရောက်သော အဖြစ်အပျက်မျိုးသည် လောလောဆယ်အခြေအနေ၌ရှားပါးသည့် အဖြစ်အပျက်ဟုထင်မြင်ရသော်လည်း အနာဂတ်ကာလတွင် ထိုအဖြစ်အပျက်မျိုးသည် မကြာခဏပေါ်ပေါက်တတ်သည့်အဖြစ်အပျက်မျိုးအဖြစ် တွေ့မြင်ကြရဖွယ်ရှိသည်ဟု နော့ချ်ဒစ်ဖင်ဘာခ်နှင့် သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။ ငင်းသည် အင်ဒီရာနားတက္ကသိုလ်မှ ပညာရှင်တစ်ဦးဖြစ်သည်။

အင်တာနက်

## အမှာစကားပြောကြား

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဧရာဝတီတိုင်း) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## တန့်ကြည်တောင်ဆရာတော် သာသနာပြုကြွရောက်

**ရန်ကုန် ဇွန် ၁၈**

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တ သောမဗုဒ္ဓိ တန့်ကြည်တောင်ဆရာတော်ကြီးသည် ဇွန် ၁၇ရက်က လေကြောင်းခရီးဖြင့် အမေရိကန်နိုင်ငံသို့ သာသနာပြုခရီးကြွရောက်သွားရာ ဒါယကာ၊ ဒါယိကာမ၊ ယောဂီများက လိုက်ပါပို့ဆောင်ဂါရဝပြုကြသည်။ ဆရာတော်ကြီးသည် ခရီးစဉ်အတွင်း လော့စ်အိန်ဂျလိစ်အနုဇာရှိ "သုန္ဒရာ၊ ရာမဗြဟ္မဝိဟာရကျောင်း" ကျောင်းလွှတ်ပွဲ အလှူအခမ်းအနားသို့ တက်ရောက်ပြီး ဇူလိုင်လနောက်ဆုံးပတ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်မည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

## ဝါဏိဇ္ဇဘွဲ့ရအသင်း ဟောပြောပွဲ

**ရန်ကုန် ဇွန် ၁၈**

ဝါဏိဇ္ဇဘွဲ့ရအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ အစီအစဉ်အရ ဇွန် ၂၃ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ် ၈၈၊ ပြည်လမ်း၊ ဗမိုင်ခွဲရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (I.B.C) ဟောပြောပွဲခန်းမ၌ စာရေးဆရာ မောင်စူးစမ်းက "Specific Characteristic of Economic Development" "စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထူးဝိသေသများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်းသိရှိရသည်။

စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဝါဏိဇ္ဇဘွဲ့ရအသင်း ဖုန်း-၂၉၁၆၆၇ သို့ လည်းကောင်း၊ ဦးမြင့်စိုး -၀၉-၅၀၁၈၆၉၈ နှင့် ဦးကျော်အောင် ၀၉-၅၀ ၂၆၄၅၀ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

**မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၉ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာနရုံး၌ကျင်းပရာ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူတင်အေးက ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးအား ထောက်ပံ့ငွေကျပ် ၅၅၅၀၀၀ ကို ထောက်ပံ့စဉ်။** (ပြည်နယ်/မီးသတ်)

## ဒုတိယဝန်ကြီး ဒေါက်တာမြဦး
## ကလောဆေးရုံ၊ အောင်ပန်းနှင့် ဟဲဟိုးတိုက်နယ်ဆေးရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၁ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဆေးရုံများ ဆေးကုသမှုအရည်အသွေးမြင့်မားရေး၊ ဆေးရုံတိုးချဲ့ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ဆေးရုံ၏ သွားနှင့်ခံတွင်း ကျန်းမာရေးဌာန၊ အရေးပေါ်နှင့်ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ မွေးကင်းစလူနာဆောင်၊ သားဖွားခန်း၊ ဓာတ်ခွဲခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကလောမြို့နယ် အောင်ပန်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ တိုက်နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆေးရုံ၏ ဆေးသိုလှောင်ခန်း၊ အသစ်ဆောက်လုပ်ပြီးသော ခွဲစိတ်ကုသခန်းနှင့် လူနာဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် သားဖွားခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကလောမြို့နယ် ဟဲဟိုးတိုက်နယ်ဆေးရုံသို့ ရောက်ရှိ၍ အသစ်ဆောက်လုပ်ပြီးစီးသော လူနာဆောင်သစ်နှင့် ဆောက်လုပ်ဆဲ ခွဲစိတ်ခန်းသစ်၊ သားဖွားခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၆-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- တတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၀၀ ၅။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
- ၅:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၅၀ ၁၁။ **"ငါးရစ်မျိုးငါး--တို့မစား" (ဧရာ၊ခိုင်သင်းကြည်၊မေပိုးအိ၊ (ညိုညိုစိမ့်၊မြသက်ထား) (ဒါရိုက်တာ-ရဲဝင်းနီ)**
- ၇:၀၀ ၁၂။ "ကျွန်တော်နိုင်ငံရေးသမား"
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သန်းတစ်ရာရွှေအိပ်မက်" (အပိုင်း-၉)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း-၂၀)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# ဤသို့ဖြစ်သင့် ၊ မဖြစ်သင့်

ဒီကနေ့ မိမိ တိုင်းအမျိုးသမီးရေးရာအဖွဲ့စကားဝိုင်းဆွေးနွေးပွဲနဲ့ အဆိုပြုလွှာပေးအပ်ပွဲ တက်ရောက်ရမှာဖြစ်လို့ မနက်စောစောကတည်းက ပြင်ဆင်ဖြီးလိမ်းပြီး၊မှန်ထဲမှာကိုယ့်ကိုယ်ကို ပြန်ကြည့်နေမိပါတယ်ရှင်။ မှန်ထဲမှာပေါ်လာတဲ့ ကိုယ့်ရုပ်သွင်က ဇရာရဲ့သဘော မရှောင်လွှဲနိုင်လို့ အိုမင်းမှုလက္ခဏာတွေ ပြနေပြီလေ။ မှန်ထဲက ရုပ်သွင်ကို ကြည့် လိုက်မိတော့မှ ဘာလိုလိုနဲ့ အသက်တောင် (၆၀)ကျော်သွားပါပကောလားလို့ တွေးလိုက်မိပါတယ်။ နံရာက ပျို၊ ပျိုရာက အို၊ အိုရာက နာ၊ နာရာက သေကြရမယ့် လောကရဲ့နိယာမ တရားကို ဆင်ခြင်ရင်း ငါလဲ တစ်နေ့အိုရအုံ့ဆိုတဲ့ အရွယ်ကိုတောင် ရောက် သွားပြီပဲလို့ အတွေးနယ်ချဲ့နေမိပါတယ်။

တွေးနေတုန်းမှာပဲ လာကြိုတဲ့ကား ရောက်လာလို့ အတွေးလက်စသတ်ရင်း ကားပေါ်တက်လိုက်လာခဲ့ပါတယ်။ အခမ်းအနားကျင်းပမယ့် နေရာအနီးရောက်တော့ ဒီအခမ်းအနားကိုတက်မယ့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လက်အောက်ခံ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်တွင် ဟိုနားတစ်စု၊ ဒီနားတစ်စုနဲ့ စုဝေးတက်ကြွ ဆော်ဩနေကြတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ သူတို့ရဲ့ ငယ်ရွယ်၊ ဖျက်လတ် တက်ကြွမှုတွေ မြင်ရတော့ ကိုယ့်အသက်အရွယ်ကိုတောင်မေ့ပြီး ငါလဲသူတို့အရွယ် ပြန်ရောက်ချင်လိုက်တာလို့ စိတ်ထဲက တမ်းတလိုက်မိပါတယ်။

တစ်ဖက်ကပြန်တွေးတော့လဲ အသက်အရွယ်နဲ့ မဆိုင်ပါဘူးလေ။ စိတ်နဲ့ပဲဆိုင်တာပါပဲလို့ တွေးမိပြန်ရော။ ဟုတ်ပါတယ်၊ ကျွန်မအခုအသက် (၆၀)ကျော်ပြီလေ၊ ငယ်ငယ်ကတည်းက ရပ်ရေးရွာရေးပရဟိတ လုပ်ငန်းတွေဆိုရင် မပါရမနေနိုင်အောင် သူတို့လိုပဲ တက်တက်ကြွကြွလုပ်ခဲ့ရာကနေ ဒီနေ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအနေနဲ့လဲ စိတ်ထဲမှ တက်တက်ကြွကြွနဲ့ ဆောင်ရွက်နေတုန်းပါပဲ။ နိုင်ငံ့တာဝန် ထမ်းဆောင်ရာမှာ ငါဟာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်ရမယ်လို့ ခံယူထားခဲ့တာလေ။ မလုပ်ချင်၊ မဖြစ်စေချင်တဲ့သူတွေကတော့ “နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပါဘူးဟာ” လို့ပြောကြမှာပါ။ ဒါပေမယ့် “မိုးပေါက်များသော်၊ အင်းနားချောင်းကန် ပြည့်သောဟန်တည့်” ဆိုတဲ့စကားအတိုင်း ကျွန်မတို့လိုမိုးပေါက်တွေများလာရင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ တစ်တပ်တစ်အားပေ့ါရှင်။

ကျွန်မတို့မြန်မာစကားပုံမှာ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုတာ ရှိတယ်လေ။ အခုမောင်ကလည်း ဒီအသက်အရွယ်ပိုင်းမှာ တစ်ထမ်း ထမ်းနေတော့မယ်ဖြစ်တဲ့ ကျွန်မကလဲ တစ်ရွက်ရွက်ရတော့မှာပေ့ါ။ ဒါကြောင့်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စတင်ဖွဲ့ပြီဆိုကတည်းက အဆိုပြုပြီး တတ်နိုင်တဲ့တာဝန်တွေ ယူခဲ့တယ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် Myanmar Women's Affairs Federation(MWAF)ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့က စတင်ဖွဲ့စည်းခဲ့တာဆိုတော့ အခု ၂၀၀၇ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့ဆိုရင် (၄)နှစ်သက်တမ်းပြည့်မြောက်တော့မှာပါလားဟု တွေးလိုက်မိပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စတင်ဖြစ်ပေါ်ခဲ့မှုကို စဉ်းစားမိပြန်ပါရောရှင်။

၁၉၉၅ ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့မှာ ကျင်းပတဲ့ စတုတ္ထအကြိမ် အမျိုးသမီးညီလာခံက အမျိုးသမီးများ တိုးတက်ရေး ဆောင်ရွက်ရာမှာ နိုင်ငံတိုင်းတွင် အမျိုးသားအဆင့် ယန္တရား(National Mechanism) တစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ နိုင်ငံတော်အစိုးရက ၁၉၉၆ ခုနှစ် ၊ ဇူလိုင်လ(၃) ရက်နေ့မှာ**“မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ”** ကို ဖွဲ့စည်းပေးခဲ့တာဖြစ်ပါတယ်။

အမျိုးသားအဆင့် ယန္တရားဟာ ကော်မတီဖြစ်နေတဲ့အတွက် ကော်မတီဝင်များသာ လုပ်ငန်းဆောင်ရွက်နိုင်သော ကန့်သတ်ချက်ကြောင့် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာ လွှမ်းခြုံနိုင်ရန်နှင့်၊ လုပ်ငန်းသဘာဝချင်းတူညီတဲ့ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း(INGO)များနှင့်လည်း ဆက်သွယ်နိုင်ရန် **“မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်”** ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ဖွဲ့စည်းရာမှာလည်း -

**(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊**

**(ခ) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**

**(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**

**(ဃ) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ရန်၊**

**(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊**

**(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်၊**

**(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ် ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊**

စသည်ဖြင့် မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဟာ ဒီလိုရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ခဲ့ရာမှာ ၂၀၀၆ ခုနှစ်အတွက် ပြည်နယ်နှင့် တိုင်းများတွင် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဟောပြောမှု (၇၉၈၀)ကြိမ်၊ ပညာပေးဌာနဖွင့်လှစ်ခြင်း (၇၇)ဌာန၊ နှစ်သိမ့်ဆွေးနွေးခြင်း(၃၈၇)ကြိမ်၊ ရဲတပ်ဖွဲ့အကြောင်းကြားခြင်း (၁၈၈)ကြိမ်၊ တရားရုံးဆက်သွယ်ပေးခြင်း(၂၇၄)ကြိမ်၊ ရှေ့နေငှားပေးခြင်း(၆)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဟောပြောခြင်း (၄၆၂၁)ကြိမ်၊ တားဆီးပြန်လွှတ်ခြင်း ကျား(၂၃၆၉)ဦး၊ မ(၁၀၄၀)ဦး၊ လူကုန်ကူးမှု အကြိမ်(၉၀)တွင် တရားခံကျား(၁၁၀)ဦးနှင့် မ(၇၅)ဦးတို့ကို အရေးယူအပြစ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နှစ်သိမ့်ဆွေးနွေးခြင်း (၁၃၂၉)ကြိမ်၊ အသက်မွေးသင်တန်းပေးခြင်း(၉၆၇)ကြိမ်တွင် လူဦးရေ(၂၀၉၂၁)ဦး၊ မိသားစုထံပြန်ပို့ခြင်း (၁၉၉)ကြိမ်တွင် လူဦးရေ(၅၇၂)ဦး၊ ထောက်ပံ့ခြင်း (၅၄၂)ကြိမ်တွင် လူဦးရေ(၄၉၂၂)ဦး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များအနေနဲ့ ပညာသင်စရိတ်ထောက်ပံ့မှု (၃၄၂၆၉၉၄၀)ကျပ်၊ စာရေးကိရိယာထောက်ပံ့မှုငွေ (၅၁၈၇၅၆၃၁)ကျပ်၊ ဝတ်စုံထောက်ပံ့မှု ငွေ (၂၀၄၅၉၆၀၁)ကျပ်၊ စေတနာညကျောင်း ဖွင့်လှစ်မှု (၂၂၂)ကြိမ်တွင် လူဦးရေ(၁၂၅၃၅)ဦး၊ သက်ကြီးစာဖတ်ဝိုင်း၊ စာသင်ဝိုင်း (၁၀၅၀)ကြိမ်တွင် (၂၅၆၄၇)ဦး၊ ပညာထူးချွန်ဆု မူလတန်း(၅၈၅)ဦးအတွက် (၁၂၅၃၂၄၀)ကျပ်ဖိုး၊ အလယ်တန်း(၅၃၆)ဦးအတွက် (၂၆၉၀၆၇၀) ကျပ်ဖိုး၊ အထက်တန်း (၆၀၇)ဦးအတွက် (၃၆၈၄၅၁၀)ကျပ်ဖိုး ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျန်းမာရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များအနေနဲ့ ကျန်းမာရေးပညာပေး လေ့ကျင့်ဆွေးနွေးပွဲ (၂၆၉၅၅)ကြိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်သူဦးရေ(၂၈၈၈၃၃)ဦး၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မှုအကြိမ်ပေါင်း (၂၀၄၉၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများမှာ ရိုးရာယဉ်ကျေးမှုဟောပြောပွဲ(၃၂၄၂)ကြိမ်၊ ပြပွဲပြိုင်ပွဲများ (၂၃၉)ကြိမ် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး (၅၆၄၀)ကြိမ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး (၉၈၃၅)ကြိမ်၊ သောက်သုံးရေ (၂၉၉၉)ကြိမ်၊ အသိပညာပေး (၃၂၉၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများမှာ အသက်မွေးဝမ်းကျောင်း သင်တန်းများ (၁၈၁၄) ကြိမ်၊ အလုပ်အကိုင်

## ဒေါ်စေစေမွန်

ရှာဖွေပေးခြင်း (၂၅၆၅)ဦး၊ ဝင်ငွေတိုးအောင် ဆောင်ရွက်ပေးခြင်း (၈၆၀၈)ဦးအတွက် ငွေပမာဏ (၅၆၃၈၂၃၇၄)ကျပ် စိုက်ထုတ်ပေးနိုင်ခဲ့ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များတွင် လေ့လာရေးခရီး (၅၃၈)ကြိမ်၊ ဟောပြောခြင်း (၁၀၄၆) ကြိမ်၊ ရိုးရာပြပွဲများကျင်းပခြင်း (၁၄၄)ကြိမ်၊ တိုင်းရင်းသားရိုးရာကပွဲများ (၂၄၆)ကြိမ်၊ ရိုးရာအစားအစာ ရောင်းချပွဲများ(၃၀၁)ကြိမ်၊ တိုင်းရင်းသားများ တွေ့ဆုံပွဲအကြိမ်(၃၂၀)၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း (၁၇၈)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ နံရံကပ်စာစောင်(၈၉၈)ကြိမ်၊ ဓာတ်ပုံ(၉၅၅)ကြိမ်၊ သတင်းလွှာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်ရရှိမှု (၁၂၈၁၁၂)စောင်၊ ပညာပေး ဗီဒီယိုရုပ်ရှင်ပြသမှု (၆၂၅၉) ကြိမ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ TV ပြန်ကြားနိုင်မှု (၂၁၅၇)ကြိမ်၊ စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းမှု (၂၆၇၃)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၆ခုနှစ်တစ်နှစ်တာအတွက် ဒီလိုပမာဏကြီးမားတဲ့လုပ်ငန်းတွေကို (၃)နှစ်ကျော်ကာလဆိုတဲ့ အချိန်တိုအတွင်းမှာ အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ခဲ့တာဟာလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုအောက်မှာ အမိမြန်မာနိုင်ငံတော်ကြီးကို တိုးတက်ဖွံ့ဖြိုးစေလိုတဲ့ ကျွန်မတို့မြန်မာအမျိုးသမီးများရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့်လို့ပဲ ဆိုပါရစေရှင်။

**တစ်ဆက်တည်းမှာ တွေးလိုက်မိတာကတော့ ဇူလိုင်လ(၃) ရက်နေ့ဆိုရင် မြန်မာအမျိုးသမီးများနေ့တောင် ကျရောက်တော့မှာပါလား၊ အတော်နီးကပ်နေပြီပဲလေ၊ မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ခဲ့ရတာကတော့ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ဘဝလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေး ပင်ကိုရှိထားပြီးဖြစ်တဲ့ မြန်မာအမျိုးသမီးများရဲ့ ဂုဏ်ရည်ထိန်းသိမ်းရေး သမိုင်းအစဉ်အလာရှိခဲ့တဲ့ ရည်မှန်းချက်တွေနဲ့ “မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ” ကို စတင်ဖွဲ့စည်းထူထောင်သည့် ၁၉၉၆ခုနှစ် ဇူလိုင်လ(၃)ရက်နေ့ကို ဖော်ဆောင်သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်ရှင်။**

မြန်မာအမျိုးသမီးများနေ့ဟာ မြန်မာနိုင်ငံမှာ သမိုင်းအစဉ်အလာရှိခဲ့တဲ့ မြန်မာအမျိုးသမီးများကို ဂုဏ်ပြုဖော်ညွှန်းတာလည်းဖြစ်ပါတယ်။ မြန်မာအမျိုးသမီးဆိုတာ ရိုးရာဓလေ့အရ ယဉ်ကျေးမှုကိုစောင့်ရှောက် ထိန်းသိမ်းမြှင့်တင်ကြရာမှာလည်း စံနမူနာယူဖွယ်ထူးခြားတဲ့ယဉ်ကျေးမှုဓလေ့စရိုက်ကို ပိုင်ဆိုင်ထားကြသူများလည်းဖြစ်ပါတယ်။ အမျိုးသမီးဆိုလို့ ပင်ကိုသဘာဝအရ အေးဆေးတည်ငြိမ်ပြီး ပျော့ပျောင်းနွဲ့နှောင်းသူများလို့တော့ တရားသေ သတ်မှတ်လို့ မရပါဘူးရှင်။

မြန်မာနိုင်ငံမှာ မိမိအမျိုးကို ထိလာမယ့်အရေး၊ နိုင်ငံကို ထိပါးလာမယ့်အရေးမှာ ဆတ်ဆတ်ထိမခံ ရဲရဲတောက်မြန်မာအမျိုးသမီးကြီးတွေ အများအပြားရှိခဲ့တာပါပဲ။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း တစ်လျှောက်မှာ မြန်မာအမျိုးသမီးကြီးများက ကုမ္မာရီအသင်းတွေဖွဲ့ပြီး လှုပ်ရှားဆောင်ရွက်ခဲ့ကြတာဟာ သက်သေပါပဲရှင်။ ကျွန်မမှတ်မိ သလောက်ဆိုရင်တော့ ဗြဟ္မစရိယကုမ္မာရီ မြန်မာမိန်းမများအသင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ ဒါနသုခအသင်း၊ မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီစသည်ဖြင့် အသင်းဖွဲ့စည်းပြီး နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စရပ်များမှာ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသူတွေ့ကတော့ သခင်မကြီး ဒေါ်ဆယ်၊ ဒေါ်ကြင်အိမ်၊ ဒေါ်ကြင်မြိုင်၊ ဒေါ်ဒေါ်သိန်း၊ ဒီးဒုတ် ဒေါ်လှမေ၊ဒေါ်လှမေ (ဘားအံ)၊ ဒေါ်စောတင်၊ သခင်မကြီး ဒေါ်သိန်းတင်၊ ဒေါ်ကြာဇံ စတဲ့ အမျိုးသမီကြီးများပဲ ဖြစ်ပါတယ်။

ဒီလိုမြန်မာအမျိုးသမီးကြီးတွေထဲက သခင်မကြီးဒေါ်ဆယ်ဆိုရင် သာမန်မျိုးချစ်စိတ်ရှိသူတစ်ဦး ဖြစ်ရုံသာမက ၊ နိုင်ငံခြားသားအုပ်စိုးသူများ၏ အငြိုအငြင်၊ အချုပ်အနှောင်နှင့်တကွ ခြေကျိုးလက်ကျိုးခံ၍ သက်စွန့်ကာ မြန်မာအမျိုးသမီးထုကို ဆွဲဆောင်စည်းရုံးနိုင်သော နှလုံးရည်ရှိ မြန်မာအမျိုးသမီးခေါင်းဆောင် တစ်ဦးဖြစ်ပါတယ်။ ၁၉၄၄

ခုနှစ်က ဒေါ်ဆ
ဖျောက်ဖျက်ပစ်ခဲ့သူ
ဇွတ်အတင်းယူသွား
ချိန် အမှတ်တမဲ့ ရေ
“ဒီမိန်းမ ဘာလုပ်ပြန်
မပျက်နေရန် ပြောပြီး
မြင်းဖမ်းနည်း သင်ပေ
ခံရပြီး ဇီဝိန်ချုပ်သည်
မှတ်သားရပါတယ်။

ဒီလိုပါပဲ၊ သခင်
သမီး ခေါင်းဆောင်
အတွက် ဗြိတိသျှအ
ဖြစ်ပါတယ်။ ၁၉၂၄
မှာ အင်္ဂလိပ်ဆိုတဲ့အ
ဘီးကိုဖြုတ်ချိုးလို့ 
အားလုံး ခေါင်းမှလိ
ဆောင်ရွက်နိုင်ခဲ့သူဖြ

နောက်တစ်ဦးက
ဘဲ ဖြစ်ပါတယ်။ ဒေ
စကားများနဲ့ တရားဖေ
ဟာသများလည်း ပြေ
အရေးအခင်း၌ ဘုရ
တွင် ဖိနပ်စုတ်၊ အိုးစု
မထိမဲ့မြင်ပြုခြင်းဖြင့်
ကြောင်း ပြခဲ့ပါတယ်

**အင်္ဂလိပ် ဘယ်လိပ်**
လက်မောင်းတန်းကာ
ခဲ့ပါတယ်။ ဦးဘဖေ၊
ပါဆိုတာ ဒိုင်အာခီပဲ
တာကို ဓာတ်စာဝယ်
ဒေါက်ကပ်ကြီးနဲ့ ဝေ
ဝယ်မလာပါနဲ့” ဆိုတဲ့
ပွဲကျခဲ့ပြီး အထူးသဖြ
ထောက်ခံခဲ့ကြောင်း

အလားတူပဲ လူ
ဆောင်ရွက်ခဲ့တဲ့ မြ
သီလရှင်ကြီး ဒေါ်သု
ဖြစ်ကြတဲ့ ဗိုလ်ကြီး
တို့ဟာလည်း ထင်ရှာ

ပထမဆုံး လူမှု
(ခေါ်) သီလရှင်ကြီး
မြန်မာအမျိုးသမီးကြီး
ဟာ ရန်ကုန်မြို့မှာရှိတဲ့
သိမ်ဖြူလမ်းမှာရှိတဲ့ 
ထားတဲ့ လူအိုရုံကို
သက်ကြီးရွယ်အိုများ
ဒါပေမယ့် ဗုဒ္ဓဘာသ
ခြင်းများ မပြုလုပ်ရဘဲ
ကို တွေ့ရတဲ့အတွက်
တည်ထောင်လိုစိတ်
ပြီး တစ်နှစ်အကြာမှ
မဂ္ဂင်ချောင် ဆရာ
မင်းကွန်းခေါင်းလော
ကျောင်းလေး (၃)ကေ
ရန် စီစဉ်ခဲ့ပါတယ်။
အဆောက်အအုံများ
ပေါင်းတည်၊ ရန်ကုန်
လာရောက်တည်
ဒေါ်ဦးဇွန်းနှင့် ဦးမော
မြသပိတ်တောင်ခြေ
ပေါင်းတည်၌လည်း
ဘိုးဘွားရိပ်သာ လူအို
မှာလည်းကောင်း တ

ဒီလိုပါပဲ မိမိအ
တဲ့ ဖလောရင့်နိုက်
တာဝန်ထမ်းဆောင်ရ
၂ရက်နေ့ ညနေ ၃နာ
အိမ်ကစပြီး မီးလော

ဒေါ်ဆယ်ဟာ ဖက်စစ်ဂျပန်များကို လက်တွေ့ က်ပစ်ခဲ့သူတစ်ဦးဖြစ်ပါတယ်၊ မိမိအိမ်က ဖိနပ် (၂)ရံကို ငံးယူသွားတဲ့ဂျပန်ကို နောက်တစ်နေ့ ငါးမျှားနေတာ တွေ့ ာ်တမဲ့ ရေထဲကန်ချခဲ့လို့ ဒေါ်ဆယ်ရဲ့ ခင်ပွန်းဖြစ်သူက ဘာလုပ်ပြန်ပြီလဲ” လို့ မေးတော့ ခင်ပွန်းဖြစ်သူအား ဣန္ဒြေ န် ပြောပြီး အလစ်မှာ ဂျပန်တွေကိုမျိုးဖြုတ်ဖို့ကြံခဲ့ကြောင်း၊ ည်း သင်ပေးသလိုလိုနဲ့ ဂျပန်တစ်ယောက်ကိုလည်း မြင်းကန် န်ချုပ်သည်အထိ ပရိယာယ် လုပ်ခဲ့ဖူးသူလည်း ဖြစ်ကြောင်း ပါတယ်။

ါပဲ၊ သခင်မကြီးဒေါ်သိန်းတင်ဆိုရင်လည်း နိုင်ငံရေးအမျိုး ငင်းဆောင်အဖြစ်သာမက အမျိုးသားလွတ်မြောက်ရေး ဗြိတိသျှအစိုးရကိုဆန့်ကျင်ပြီး ထောင်အကျခံစွန့်စားခဲ့သူ ။ ၁၉၂၄ ခုနှစ် (၁၁)ကြိမ်မြောက် ပေါင်းတည် ကွန်ဖရင့် ပ်ဆိုတဲ့အသံကို မကြားလိုတဲ့အတွက် ခေါင်းပေါ်က လိပ်ခွံ ာ်ချိုးလို့ အစည်းအဝေးတက်ရောက်သူ အမျိုးသမီးများ ခေါင်းမှလိပ်ခွံဘီးကိုဖြုတ်ပြီး မီးတင်ရှို့ခဲ့တဲ့အထိ စည်းရုံး ာ်နိုင်ခဲ့သူဖြစ်ပါတယ်။

ာ်တစ်ဦးကတော့ ဒေါ်ကြင်မြိုင်ဆိုတဲ့ မြန်မာအမျိုးသမီးကြီး တယ်။ ဒေါ်ကြင်မြိုင်ဟာ ရှမ်း၊ တရုတ်၊ အိန္ဒိယဘာသာ နဲ့ တရားဟောရာမှာ အလွန်ကျော်ကြားသူဖြစ်ပြီး၊ ရယ်စရာ လည်း ပြောတတ်သူဖြစ်ပါတယ်။ ၁၉၃၀ပြည့်နှစ် ဆရာစံ ငင်း၌ ဘုရင်ခံနဲ့ဝန်ကြီးများကို လှူမယ်ဆိုပြီး ပဒေသာပင် ုတ်၊ အိုးစုတ်၊ ငရုတ်ဆုံပွဲ၊ အဝတ်စုတ်များကို ချိတ်ဆွဲကာ ျခြင်းဖြင့် အင်္ဂလိပ် လက်ထက်အုပ်ချုပ်ရေးကို မကျေနပ် ပြခဲ့ပါတယ်။ ဒေါ်ကြင်မြိုင်က **“ကန်လိပ်၊ ကုန်းလိပ်၊ တယ်လိပ်နဲ့မှ မဆက်ဆံဘူး”** လို့ ဒေါ်နဲ့မောနဲ့ လက်သီး ငံးတန်းကာ ဟောခဲ့တာကို ပရိသတ်က အလွန်သဘောကျ ဦးဘဖေ၊ ဦးချစ်လှိုင်၊ ဦးပုတို့ ဟုမ္မရူးအစစ် သွားတောင်း ဒိုင်အာခီပဲ ယူလာတယ်၊ အမိမြန်မာပြည်ကြီး မကျန်းမာ ာ်စာဝယ်ခိုင်းတာပဲ ဖြစ်တယ်၊ အခုကျန်းမာလာတော့မယ်၊ ကြီးနဲ့ ဝေလာမြင်းကြီးသာ ဝယ်လာပါ၊ လားကြီးတွေတော့ ါနဲ့” ဆိုတဲ့ ဒေါ်ကြင်မြိုင်ရဲ့ ဟောပြောပုံမှာ တအုံးအုံးနဲ့ အထူးသဖြင့် ငါးရာသောသံဃာပရိသတ်က အလွန်ချီးကျူး ခဲ့ကြောင်း သိရပါတယ်။

ားတူပဲ လူမှုရေးလုပ်ငန်းများမှာ ထူးချွန်စွာနဲ့ အသက်စွန့် ာ်ခဲ့တဲ့ မြန်မာအမျိုးသမီးများထဲမှာ ဒေါ်ဦးဇွန်း(ခေါ်) ီး ဒေါ်သုမာလာ၊ ဖလောရင့်နိုက်တင်ဂေးလ်ဆုရသူများ ဗိုလ်ကြီး ဒေါ်ခင်အုန်းမြနဲ့ သူနာပြုဆရာမ ဒေါ်သိန်းရီ ည်း ထင်ရှားသူများပဲဖြစ်ပါတယ်။

ခဆုံး လူမှုဝန်ထမ်းအာဇာနည် အမျိုးသမီးကြီး ဒေါ်ဦးဇွန်း လရှင်ကြီး ဒေါ်သုမာလာ (မင်းကွန်း)ဟာလည်း ထူးခြားတဲ့ ျိုးသမီးကြီးတစ်ဦးဖြစ်ပါတယ်၊ ၁၂၇၆ခုနှစ်မှာ ဒေါ်ဦးဇွန်း န်မြို့မှာရှိတဲ့ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်ရင်း းမှာရှိတဲ့ ဘရင်ဂျီသာသနာပြု သီလရှင်များ တည်ဆောက် ူအိုရုံကို ဝင်ရောက်ကြည့်ရှုပါတယ်။ အဲဒီမှာ မြန်မာ ယ်အိုများကို စောင့်ရှောက်ထားတာ တွေ့ခဲ့ရပါတယ်။ ဗုဒ္ဓဘာသာကိုးကွယ်မှုအရ ဘုရားရှိခိုး၊ ဥပုသ်သီလစောင့် ပြုလုပ်ရဘဲ ခရစ်ယာန်တရားများကိုသာ ကြားနာနေရတာ တဲ့အတွက် များစွာစိတ်ထိခိုက်သွားပြီး ဗုဒ္ဓဘာသာလူအိုရုံ င်လိုစိတ်ပေါက်ခဲ့ပါတယ်။ အဲဒီနောက်မန္တလေးပြန်ရောက် စ်အကြာမှာ စစ်ကိုင်းတောင်ရိုး မင်းကွန်းဘက် အရိယ ဆရာတော်ကို လျှောက်ထားပြီး ဗဒုံမင်းလက်ထက် ခေါင်းလောင်းနှင့် မင်းကွန်းစေတီအကြားတွင် ကမ္မဋ္ဌာန်း လး (၃)ကျောင်းဆောက်ကာ (၂)ကျောင်းမှာ လူအိုများနေ ပါတယ်။ (၈)နှစ်ကြာတဲ့အခါမှာ ရန်ပုံငွေများ တိုးလာလို့ အအုံများ တိုးချဲ့နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး သထုံ၊ ၊ ရန်ကုန်၊ နှင်းဆီကုန်းနှင့် ပခုက္ကူမြို့များကလည်း လူအိုရုံ ာ်တည်ဆောက်ပေးရန် တောင်းပန်လာတဲ့အတွက် နှင့် ဦးမောင်ကြီး၊ ဦးဘကျန်းတို့ဟာ ၁၂၈၉ ခုနှစ်မှာ သထုံမြို့ တောင်ခြေရင်းမှာလည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်မှာ ၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန် နှင်းဆီကုန်း ာ်သာ လူအိုရုံကိုလည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့ ကာင်း တည်ဆောက်ပေးခဲ့ပါတယ်။

ါပဲ မိမိအသက်ကို ပဓာနမထားဘဲ သူများအသက်ကယ်ခဲ့ ာရင့်နိုက်တင်ဂေးလ်ဆုရ သူနာပြုဆရာမ ဒေါ်သိန်းရီ မ်းဆောင်ရာ သောင်သွပ်ကျေးရွာမှာ ၁၉၉၅ခုနှစ် ဧပြီလ ညနေ ၃နာရီအချိန် တစ်ရပ်ကွက်တည်းနေ ဆေးစပ်ဆရာ း မီးလောင်ပါတယ်။ ဒေါ်သိန်းရီဟာ ကြားကြားချင်း မီးလောင်ရာကို အပြေးလာခဲ့ပါတယ်။ ဆေးစပ်ဆရာ၏နေအိမ်မှာ မီးတောက်များဖြင့် တဟုန်းဟုန်း တောက်လောင်လျက်ရှိတာကို တွေ့ရပြီး မီးတောက်တွေကြားမှာ တစ်ကိုယ်လုံး မီးလောင်လျက် မီးတောက်မီးလျှံများကြားမှ မထွက်တတ်ဖြစ်နေတဲ့ ကလေးငယ်တစ်ဦး ကိုလည်း မြင်လိုက်ရပါတယ်။ အဲဒီကလေးဟာ ဆေးစပ်ဆရာရဲ့ တူမဖြစ်ပါတယ်။ ဒေါ်သိန်းရီအနေနဲ့ မီးလောင်တဲ့နေရာနဲ့နီးတဲ့ ကိုယ့်အိမ်ကိုဂရုမထားနိုင်တော့ဘဲ လူမှုရေး စိတ်ဓာတ်အပြည့်အဝနဲ့ ကလေးငယ်ကို ကယ်ဆယ်ဖို့အတွက် ဆုံးဖြတ်ပါတယ်။ အဲဒီနောက် မိမိရဲ့ အသက်ဘေးအန္တရာယ်ကို လုံးဝသတိမထားတော့ဘဲမီးတောက် မီးလျှံကြားကို ဝင်ရောက်ကာ ကလေးငယ်ကို မ-ယူပွေ့ဖက်ပြီး ပြန်ထွက်ဖို့ ကြိုးစားခဲ့ပါတယ်။

ထွက်လမ်းနေရာနဲ့ လမ်းတစ်ဖက်တစ်ချက်တို့မှာ မီးတောက်များ စွာရှိနေပြီး အသက်ဆုံးဖို့သာဖြစ်မယ့် လမ်းစပ်နေရာကို ခုန်ကျော်ကူး သွားဖို့ အခက်အခဲဖြစ်နေပါတယ်။မတတ်သာတဲ့အဆုံးမှာ ဒေါ်သိန်းရီဟာ ကလေးငယ်ကို တင်းကျပ်စွာပွေ့ဖက်လို့ မိမိကိုယ်ကို လမ်းမပေါ် လိှမ့်ချလိုက်ချိန်မှာတော့ နှစ်ဦးလုံး သတိလစ် မေ့မြောသွားပါတော့တယ်။ ဒီလိုအသက်စွန့်ကယ်ဆယ်မှုကြောင့် ဒေါ်သိန်းရီရဲ့ ခြေလက်၊ ဦးခေါင်း၊ မျက်နှာနဲ့ နောက်ကျောတို့မှာ ပြင်းထန်စွာ မီးလောင်ဒဏ်ရာ ကျွမ်းခံခဲ့ရပါတယ်။ ဒီဒဏ်ရာတွေကြောင့် ဒေါ်သိန်းရီဟာ (၁၁)လကြာမျှ ဆေးကုသမှု ခံယူခဲ့ရပါတယ်။ ကံကောင်းလို့ အသက်မသေခဲ့ရသူ မြန်မာအမျိုးသမီးဖြစ်ပါတယ်။

**ဒီလိုအမျိုးသားရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးတွေမှာ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့တဲ့ မြန်မာအမျိုးသမီးကြီးတွေ အကြောင်းပြောရရင်တော့ ကုန်နိုင်ဖွယ်မရှိပါဘူး၊ ဒီလိုထူးချွန်ထက် မြက်တဲ့ မြန်မာအမျိုးသမီးကြီးတွေ၊ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်တဲ့ မျိုးချစ်မြန်မာအမျိုးသမီးကြီးတွေကို ရည်ညွှန်းလို့ “မြန်မာအမျိုးသမီးများနေ့”လို့ ဂုဏ်ပြုသတ်မှတ်တာပါ။**

အထက်မှာ ပြောခဲ့သလို မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီက ပေါက်ဖွားခဲ့တဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အဲဒီကမှတစ်ဆင့် အမိပွာယ်ပြည့်ဝမှန်ကန်တဲ့ **“မြန်မာအမျိုးသမီးများနေ့”** လို့ ခံယူပြီး မြန်မာအမျိုးသမီးထုကြီးက တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်နေကြတာဖြစ်ပါတယ်။

**အခုလို ဇူလိုင်လ(၃)ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ခဲ့တာဟာလည်း အလွန်လျော်ကန် သင့်မြတ်တယ်လို့ ကျွန်မအနေနဲ့ ခံယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့တဲ့နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ရည်ညွှန်းသတ်မှတ်ခဲ့တာ၊ မြန်မာနိုင်ငံရဲ့ ထူးချွန် ထက်မြက်ထင်ရှားတဲ့ မြန်မာအမျိုးသမီးကြီးများကို ဂုဏ်ပြုဖော်ညွှန်းတာ၊ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို ရည်ညွှန်းတာ ဖြစ်တဲ့အတွက် အင်မတန်မှ လျော်ကန်သင့်မြတ်လှပါတယ်။ မြန်မာအမျိုးသမီးများနေ့ဆိုတဲ့အတိုင်း တစ်ဦးတစ်ယောက်ကို ရည်ညွှန်းဆိုလိုတာ မဟုတ်ပါဘူး။**

**ဒါပေမယ့်၁၉၉၈ခုနှစ်ဇွန်လ(၁၉)ရက်နေ့မှာကျရောက်တဲ့ဒေါ်စုကြည်ရဲ့ (၅၂)နှစ်မြောက် မွေးနေ့ကစပြီး မြန်မာအမျိုးသမီးများနေ့လို့ ဇွတ်အတင်း သတ်မှတ်ဖို့ ကြိုးပမ်းခဲ့တာလည်း အားလုံးအသိပါပဲလေ။ အဲဒီနေ့မတိုင်ခင်ကတည်းက ဇူလိုင်လ(၃)ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ်သတ်မှတ်ခဲ့ပြီးသားပါ။ ဒါကိုဒေါ်စုကြည်များ မသိလေရော့သလား။ ဒီလို ဒေါ်စုကြည်ရဲ့မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်သင့်၊ မလုပ်သင့်ပါဘူးရှင်။ ဒီလိုသတ်မှတ်တာကိုလည်း ကျွန်မ အပါအဝင် မြန်မာနိုင်ငံကိုချစ်တဲ့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး လုံးဝ (လုံးဝ) လက်မခံနိုင်ပါဘူးလို့ပဲ ပြောပါရစေရှင်။**

ဘာကြောင့် လက်မခံနိုင်ရတာလဲလို့ မေးမယ်ဆိုရင်တော့ အမေးကို အမေးနဲ့ပဲ ဖြေပါ့မယ်။ ဒေါ်စုကြည်အနေနဲ့ မြန်မာနိုင်ငံကို စတင်ရောက်ရှိချိန်ကနေ ယခုအချိန်အထိ ကျွန်မ အစပိုင်းမှာ ပြောပြခဲ့တဲ့ မြန်မာအမျိုးသမီးကြီးများလို နိုင်ငံအတွက်၊ လူမျိုးအတွက်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တာမျိုး၊ အသက်စွန့်တာမျိုး တစ်စုံတစ်ရာရှိခဲ့ပါသလားရှင်။ ပြန်စဉ်းစားကြည့်မယ်ဆိုရင် လောက်လောက်လားလား လုပ်ဆောင်ချက်တစ်ခုမှ မတွေ့ခဲ့ရပါဘူး။ ဒါဆိုရင် ဒေါ်စုကြည်ရဲ့လုပ်ဆောင်ချက် ဘာမှမရှိတော့ဘူးလားလို့ မေးစရာရှိပါတယ်။ ဒီမေးခွန်းကိုလည်း မငြင်းလိုပါဘူး။ ရှိသမှ သိပ်ရှိသပေါ့ရှင်လို့ ဖြေချင်ပါတယ်။

**ဒေါ်စုကြည်ရဲ့ စွမ်းစွမ်းတမံ လုပ်ဆောင်ချက်တွေကတော့ အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်(၄)ပိတ်နှင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုတဲ့ မူဝါဒတွေကိုပဲ တစ်စိုက်မတ်မတ် လုပ်ဆောင်ခဲ့တာပါပဲရှင်။ ဒီလိုလုပ်ရပ်တွေကြောင့် ပြည်သူတွေချစ်တဲ့ ဖခင်ဗိုလ်ချုပ်ရဲ့သမီးက**

**ဒေါ်စုကြည်ရဲ့ စွမ်းစွမ်းတမံ လုပ်ဆောင်ချက်တွေကတော့ အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံ ပျက်သုဉ်းရေး၊ ပိတ်(၄)ပိတ်နှင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုတဲ့ မူဝါဒတွေကိုပဲ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့တာပါပဲရှင်။ ဒီလိုလုပ်ရပ်တွေကြောင့်ပြည်သူတွေချစ်တဲ့ ဖခင်ဗိုလ်ချုပ်ရဲ့သမီးက ပြည်သူတွေ နှလုံးစိတ်ဝမ်း မအေးချမ်းအောင် ဖြစ်စေခဲ့တာလည်း အားလုံးအသိပါပဲရှင်။ တိုင်းပြည်အတွင်းမှာ အေးချမ်းတည်ငြိမ်စွာနဲ့ နေလိုကြတဲ့ ပြည်သူတွေ စိတ်မချမ်းမြေ့တာ ဘာဟုတ်သေးလဲ။ ဒေါ်စုကြည်ရဲ့ အဲဒီလို နိုင်ငံနဲ့လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်တွေကြောင့် ငါတို့ NLD မှ NLD၊ ခမောက်မှ ခမောက်ဆိုသူ NLD အဖွဲ့ဝင်တွေလည်း တဖွဲဖွဲနဲ့ နုတ်ထွက်နေကြတာ ကြာရင် ခမောက်တစ်လုံးတည်းနဲ့ မလုံမခြုံဖြစ်နေမှာတောင် စိုးရိမ်နေရပြီလေ။**

**ပြည်သူတွေ နှလုံးစိတ်ဝမ်း မအေးချမ်းအောင် ဖြစ်စေခဲ့တာလည်း အားလုံးအသိပါပဲရှင်။ တိုင်းပြည်အတွင်းမှာ အေးချမ်းတည်ငြိမ်စွာနဲ့ နေလိုကြတဲ့ ပြည်သူတွေ စိတ်မချမ်းမြေ့တာ ဘာဟုတ်သေးလဲ။ ဒေါ်စုကြည်ရဲ့ အဲဒီလို နိုင်ငံနဲ့လူမျိုးအကျိုး ပျက်စီးရာ ပျက်စီးကြောင်း လုပ်ရပ်တွေကြောင့် ငါတို့ NLD မှ NLD၊ ခမောက်မှ ခမောက်ဆိုသူ NLD အဖွဲ့ဝင်တွေလည်း တဖွဲဖွဲနဲ့၊ နုတ်ထွက်နေကြတာ ကြာရင် ခမောက်တစ်လုံးတည်းနဲ့ မလုံမခြုံဖြစ်နေမှာတောင် စိုးရိမ်နေရပြီလေ။**

ဒီလို တိုင်းပြည်ပျက်၊ အမျိုးပျက်အောင်လုပ်နေတဲ့ လူတစ်ယောက်ကို ဖော်ညွှန်းပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ် မှာကို သဘောတူဖို့ကတော့ ဝေးဟေးဟေး ဝေးပါသေးတယ်လို့တောင် ဆိုလိုက်ချင်ပါရဲ့ရှင်။ ဒီနေရာမှာ မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်တဲ့ ကျွန်မက လွန်စွာမှ သဘောမတူရတဲ့ အကြောင်းတစ်ချက် ကျန်ပါသေးတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေဟာ အမျိုးအနွယ်ကို စောင့်ထိန်းရာမှာ စံနမူနာပြ ဖြစ်ခဲ့ကြသူများပါ။ မြန်မာအမျိုးသမီးကောင်းများ အနေနဲ့ သားကိုသခင်၊ လင်ကိုဘုရား ဆိုတဲ့အတိုင်း မိမိလင်သားကို ဘုရားတစ်ဆူလို ရိုသေလေးစားအားကိုးအားထား ပြုကြသူတွေပါ။ တစ်လင်တစ်မယားစနစ်ကို စွဲမြဲကျင့်သုံးခံယူထားကြသူတွေပါ။ မိမိလင်သားကလွဲလို့ ဘယ် ယောကျ်ားကိုမှ စိတ်နဲ့တောင် ပြစ်မှားကြသူများ မဟုတ်ပါဘူး။ ဒီလို အိမ်ထောင်မှုရေးရာအလေးထားရမယ့် အချက်တွေထဲမှာ အလေးထားဆုံးအချက်ကတော့ မိမိအမျိုးမဟုတ်သူ နိုင်ငံခြားသားနဲ့ လက်ထပ်ထိမ်းမြားမှု မပြုခြင်းပါပဲရှင်။ ဒီလို လက်ထပ်ထိမ်းမြားမိတာနဲ့ အမည်သညာ ခေါ်စရာကား အမျိုးဖျက်မ ဖြစ်သွားတော့တာပါပဲရှင်။ မြန်မာရာဇဝင်မှာ ကျန်စစ်မင်းရဲ့သမီးတော် ရွှေအိမ်စည်ဟာ ပဋိက္ခရားနဲ့ ရည်ငံခဲ့ပေမယ့် အမျိုးအနွယ်ကို စောင့်ရှောက်တဲ့စိတ်၊ မျိုးချစ်စိတ်နဲ့ မှန်ကန်စွာတွေးခေါ်လို့ ပဋိက္ခရားကို စွန့်လွှတ်ခဲ့တာ သာဓကပါပဲ။

ဒါပေမယ့် ဒေါ်စုကြည်ကတော့ မိမိနိုင်ငံကို နှစ်ပေါင်း(၁၀၀)ကျော် ကုပ်သွေးစုပ် ခြယ်လှယ်ခဲ့ပြီး မရနိုင်တဲ့ အဆုံးကျတော့ မစားရတဲ့အမဲ သဲနဲ့ပက်၊ တိုင်းရင်းသားတွေကို သွေးခွဲလို့ တိုင်းပြည်ပျက်အောင်ဖန်တီးခဲ့တဲ့ အင်္ဂလိပ်၊ မိမိကို မွေးဖွားသန့်စင်စောင့်ရှောက်ခဲ့တဲ့ မိမိရဲ့ ဖခင်ကိုသတ်ခဲ့တဲ့ အဓိကတရားခံ လူသတ်သမား အင်္ဂလိပ်ကိုမှ အိမ်ထောင်ဖက်ရွေးခဲ့သူ **လင်လုပ်ခဲ့သူရဲ့ မွေးနေ့ကို အကြောင်းပြုပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်မယ်ဆိုရင် ကာယကံရှင် ဒေါ်စုကြည်တော့ ဘယ်လိုနေမလဲမသိ၊ ကျွန်မသာဆိုရင်တော့ ကိုယ့်မျက်နှာကို ဓားနဲ့လှီးပြီး အင်္ဂလန်သာ ပြန်ပို့လိုက်ချင်တော့တာပါပဲရှင်။**

ကျွန်မ အခုလိုပြောနေတာဟာ ဒေါ်စုကြည်ကို ပုဂ္ဂိုလ်ရေးအရ မုန်းတီးလို့၊ အမျိုးသမီးချင်း မစာနာလို့ပြောနေတာမဟုတ်ပါဘူးရှင်။ ဒါပေမယ့် မြန်မာအမျိုးသမီးထုထဲက မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ဘယ်လိုမှမခံစားနိုင်လို့၊ ဘယ်လိုမှ လက်သင့်ခံနိုင်စွမ်းမရှိလို့၊ ဘယ်လိုမှ ကျိုးကြောင်းဆီလျော်မှုမရှိလို့ ကျွန်မနည်းတူ ဆင်ခြင်သုံးသတ်နိုင်ဖို့ ရင်ဖွင့်လိုက်ရတာပါပဲရှင်။

**ဒါကြောင့် ကျွန်မတို့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအနေနဲ့ မိမိအမျိုးအနွယ်ကို စောင့်ထိန်းရင်း၊ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့လိုအပ်သလို အမျိုးဖျက်မည့်သူ၊ တိုင်းပြည်ပျက်အောင်လုပ်ဆောင်မည့်သူများ ပေါ်ထွန်းမလာအောင်လည်း ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။**

ဇူလိုင်လ(၃)ရက်နေ့မှာကျရောက်မယ့် မြန်မာအမျိုးသမီးများနေ့ဟာလည်း ကျွန်မတို့ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် နေ့ထူးနေ့မြတ် ဖြစ်တာကြောင့် မြန်မာအမျိုးသမီးတိုင်း အမျိုးဘာသာ သာသနာကိုကာကွယ်စောင့်ရှောက်ရင်း တိုင်းပြည်အကျိုးကို တပ်အားသမျှ ဝိုင်းဝန်းသယ်ပိုး ဆောင်ရွက်ကြပါစို့လားရှင်။ ။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုးစီးပွားတိုး

# ဈေးကွက်ဖွံ့ဖြိုးလာသည့် ကျောက်ဆစ်လုပ်ငန်း

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ-ဌေးအောင် (ကြေးမုံ)

ရန်ကုန် ဇွန် ၁၈

**မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော်အဖြစ် တင်စားခေါ်ဝေါ်သည့် မန္တလေးမြို့တွင် မြန်မာ့ရိုးရာပန်းဆယ်မျိုး ပညာရပ်များ ရှင်သန်ဖွံ့ဖြိုးလျက်ရှိသည်။ ယင်းပန်းဆယ်မျိုး ပညာရပ်ထဲတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် ကျောက်ဆစ်လုပ်ငန်းသည် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရုပ်တုရုပ်ထွင်းများကို ထုဆစ်ခြင်းမှ အစပြုခဲ့သော်လည်း ယနေ့ကာလ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အလှဆင်လုပ်ငန်းအမျိုးမျိုးတွင် စကျင် ကျောက်ဖြင့်ထုလုပ်သော ပန်းခြံအလှဆင် ရုပ်တုရုပ်ထွင်းများ၊ နံရံအလှဆင်၊ စားပွဲတင်အလှဆင် ရုပ်တု ရုပ်ထွင်းများနှင့် လူသုံး ပစ္စည်းအချို့ကိုပါ တိုးတက်ထုဆစ်၍ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလာနိုင်ခဲ့ပြီ ဖြစ်သည်။**

ကြေးမုံသတင်းအဖွဲ့သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်သို့ သွားရောက်ကာ မြန်မာ့ရိုးရာ ကျောက်ဆစ်လုပ်ငန်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် လုပ်ငန်းသဘောသဘာဝကို လေ့လာခဲ့ရာတွင် ရှေးဦးစွာ ဦးသောင်းထွန်းနှင့်ဒေါ်မမလေးတို့၏ ကျောက်ဆစ်လုပ်ငန်းကို သွားရောက်ကြရာ "မိမိတို့အနေဖြင့် ဤကျောက်ဆစ်လုပ်ငန်းကို မိဘရိုးရာအဖြစ် အမွေခံလုပ်ကိုင်ခဲ့ကြောင်း၊ မိမိတို့၏ အဘိုးမှအစပြု၍ ရေတွက်ပါက တတိယမျိုးဆက်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မျိုးဆက်သုံးခု သာ ကျောက်ဆစ်လုပ်ငန်း လုပ်ကိုင်ခဲ့သော်လည်း စကျင်ကျောက်ဆစ်လုပ်ငန်း၏ ဖြစ်တည်မှုမှာ အင်းဝခေတ်လောက်တွင် အထင်အရှားတွေ့ရကြောင်း၊ ဤကျွန်းလုံးဥသျှောင်ရပ်တွင် ကျောက်ဆစ်လုပ်ငန်းရှင်ပေါင်း ၂၁၈ ဦးရှိပြီး လုပ်သားအင်အား တစ်ထောင်ကျော်ခန့်ရှိကာ နေ့စဉ်နှင့်အမျှ မိမိတို့လုပ်ငန်းအလိုက် ဆင်းတုတော်များ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရုပ်တုရုပ်ထွင်းများနဲ့ အလှဆင်ကျေးငှက်တိရစ္ဆာန် ရုပ်လုံးရုပ်တုများ၊ စားပွဲတင်အလှဆင် ရုပ်လုံးရုပ်တုများ၊ မျက်နှာကြက်နှင့် နံရံအလှဆင်ရုပ်များကို ထွင်းထုနေကြကြောင်း"ဖြင့် ဦးစွာ ရှင်းလင်းပြောကြားသည်။

"ကျောက်ဆစ်လုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သည့် စကျင်ကျောက်ကို မန္တလေးမြို့နှင့် မိုင် ၃၀ ကျော်ကွာဝေးသည့် စကျင်ရွာမှ တူးဖော်ရရှိကြောင်း၊ သက်တမ်းကြာ ရှည်ခဲ့သည့် စကျင်ကျောက်ဆစ်လုပ်ငန်းမှာ ယခုအချိန်တွင် ဈေးကွက်အရ အဖွံ့ဖြိုးဆုံးဖြစ်ကြောင်း၊ စကျင်ကျောက်ဆစ်လုပ်ငန်း၏ အဓိကထုဆစ်

**"ဉာဏ်တော် ၁၀ ပေနှင့်အထက် ရုပ်ပွားတော်များကို စကျင်တောင်ခြေမှာပဲ အပြီးထုဆစ်ရပါတယ်။ အချိန်အားဖြင့် တစ်နှစ်ခွဲမှ နှစ်နှစ်အထိ ကြာမြင့်နိုင်ပါတယ်"**
(ကျောက်ဆစ်လုပ်ငန်းရှင်-ဦးသောင်းထွန်း)

မှုမှာ အရွယ်အစားအမျိုးမျိုးသော ဉာဏ်တော်အမြင့် ၁၀ လက်မ ၁၂ လက်မမှ ဉာဏ်တော် ပေ ၂၀ အထိရှိသော ရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ခြင်းဖြစ်သော်လည်း ဈေးကွက်၏တောင်းဆိုမှု ပန်းဥယျာဉ်အလှဆင် ရုပ်တုရုပ်ထွင်း အရွယ်အစား အမျိုးမျိုးမှသည် နံရံအလှ ဆင်၊ စားပွဲတင်အလှဆင် ဆင်ရုပ်၊ မြင်းရုပ်ကလေးများအထိ ထုဆစ်ကြရကြောင်း၊ ယခင်က စစ်ကိုင်းမြို့တွင် ကျောက်စိမ်းအလှဆင် ရုပ်တုလုပ်ငန်းများ ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့ထုလုပ်သော စားပွဲတင်အလှ ဆင်ရုပ်များကို ခင်းကျင်းရောင်းချခဲ့ဖူးကြောင်း၊ ယခု အချိန်တွင် ယခင်က ကျောက်စိမ်းဖြင့် ထုလုပ်သော စားပွဲတင်အလှတင် ဆင်ရုပ်များကို စကျင်ကျောက်ဖြင့် ထုဆစ်လာကြပြီး အမှတ်တရ ပစ္စည်း ဈေးကွက်ပေါ်ပေါက်လာပြီ"ဟု ပြောကြားသည်။

ဉာဏ်တော်အရွယ်အစား အမျိုးမျိုးသော ရုပ်ပွားဆင်းတုတော်များ ထုဆစ်မှုနှင့် ပတ်သက်၍ "ရုပ်ပွားတော်ရဲ့ ဉာဏ်တော် တစ်ပေ မှ လေးပေခွဲ အထိ ရှိသည့် ဆင်းတုတော်များကို ဤနေရာတွင် ထုဆစ်နိုင်သော်လည်း ဉာဏ်တော် တစ်ပေနှင့်အထက် ရုပ်ပွားဆင်းတုများကို စကျင်တောင်ခြေ၌သာ အပြီးထုဆစ်ကြကြောင်း၊ ဉာဏ်တော်ကြီးသော ရုပ်ပွားများ ထုဆစ်ရာတွင် စကျင်တောင်မှ ကျောက်ချသည်မှ ရွှေသင်္ကန်းကပ်သည့်အဆင့်ထိ ကျွမ်းကျင်ပညာရှင် အဆိုင်းများစွာဖြင့် လုပ်ဆောင်ကြရကြောင်း၊ လုပ်ငန်းအဆင့်ဆင့်ကို အကျဉ်းမျှပြောရလျှင် ဉာဏ်တော်ကြီးသည့် ရုပ်ပွားဆင်းတုတော်တစ်ဆူအတွက် အရွယ်အစားနှင့် ကိုက်ညီသည့် လေးထောင့်ပုံ စကျင်ကျောက်ကြမ်းကို တူးဖော်၍ လုပ်သားအင်အားများစွာ အသုံးပြုကာ တောင်ခြေသို့

**စကျင်ကျောက်ဖြင့် ထုလုပ်သည့် စားပွဲတင် အလှဆင်အရုပ်များ။**

ချယူပြီး ကျောက်ရွေးရကြောင်း၊ လေးထောင့်ပုံ ကျောက်တုံးကြီးအသွင်မှ ဗာဒံစေ့သဏ္ဌာန်ဖြစ်အောင် ပြုလုပ်ရကြောင်း၊ဤအဆင့်ကို ကျောက်ရွေသည် ခေါ်ကြောင်း။

"ဒုတိယအဆင့်အနေဖြင့် ရုပ်ပွားတော်၏ လေးဖက်ပုံကြမ်းရေးပြီး မလိုအပ်သည့် ကျောက်သားများကို ထုဆစ်ဖယ်ရှားရကြောင်း၊ ဤအဆင့်ကို ဘေးဖြတ်သည်ဟုခေါ်ကြောင်း၊ ယင်းနောက်တွင် ကိုယ်ထည်စည်းလက်ဖောက်ရကြောင်း၊ စကျင်ကျောက် တူးဖော်ကျောက်ချသည်မှ ကိုယ်ထည်စည်းလက်ဖောက်သည်အထိ လုပ်ငန်းအဆင့် ၁၂ ဆင့်ရှိကြောင်း"ဖြင့် ပြောကြားသည်။

ဆက်လက်၍ "ကိုယ်ထည်စည်းလက်ဖောက်ပြီးသည်မှ နောက်ပိုင်းတွင် လက်တော်လောင်း၊ သင်္ကန်းတော်လောင်း၊ သင်္ကန်းအပျော့၊ မျက်နှာတော်ထိုးစက်အချောကိုင်၊ ပေါလစ်လက်အချောကိုင်နှင့် ရွှေသင်္ကန်းကပ်အဆင့်အထိ ခုနစ်ဆင့်ရှိပြီးပညာရှင်များက အဆင့်တိုင်းတွင် ကြီးကြပ်၍ ကျွမ်းကျင်လုပ်သားများဖြင့် ဉာဏ်တော် ၁၀ ပေ အထက် ရုပ်ပွားတော်များကို တစ်နှစ်မှ တစ်နှစ်ခွဲ နှစ်နှစ် စသည်ဖြင့် ထုဆစ်ရကြောင်း၊ မိုးရာသီတွင်တော့ ရာသီဥတုအခြေအနေအရ လုပ်ငန်းရပ်နားခြင်းများ ရှိပါကြောင်းဖြင့်" ရှင်းလင်းပြောကြားသည်။

ကျောက်ဆစ်လုပ်ငန်းတွင် ဉာဏ်တော် တစ်ပေ မှ လေးပေခွဲ အရွယ်အစားထိ ရုပ်ပွားဆင်းတုတော်များကို ပညာရှင်တစ်ဦးနှင့် အကူတစ်ဦးဖြင့် ထုဆစ်နိုင်သော်လည်း မျက်နှာတော်ဖော်သည့်အပိုင်းကို ချန်လှပ်ထားပြီး မျက်နှာတော်ဖော်ခြင်းလုပ်ငန်းကို သီးခြားပညာရှင်အဖွဲ့က လုပ်ဆောင်ရကြောင်း၊ ရှေးအစဉ်အလာတစ်ရပ်ဖြစ်ကြောင်းဖြင့် ဆက်လက်ပြောကြားသည်။

"မိမိအနေဖြင့် ဉာဏ်တော်ပေ ၂၀ အထိရှိသည့် ရုပ်ပွားတော်ကို အချိန်တစ်နှစ်ခွဲအတွင်း ထုလုပ်ခဲ့ဖူးကြောင်း၊ ပြင်ဦးလွင်ရှိ မဟာအံ့ထူးကံသာ ဆင်းတုတော်မှာ မိမိတို့ထုဆစ်သည့် ရုပ်ပွားတော်ဖြစ်ပြီး ဉာဏ်တော်

**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ရှိ ဦးသောင်းထွန်း-ဒေါ်မမလေးတို့၏ စကျင် ကျောက်ဆစ်လုပ်ငန်းခွင်၌ ကျွမ်းကျင် လုပ်သားများ ထုဆစ်မှုမြင်ကွင်းကို တွေ့ရစဉ်။**

၁၅ ပေ ရှိကြောင်း"ဖြင့် ပြည့်စုံစွာရှင်းလင်းပြောကြားသည်။

စကျင်ကျောက်ဖြင့် ထုဆစ်သည့် ဥယျာဉ်အလှဆင် ရုပ်တုရုပ်ထွင်းများ၊ ဧည့်ခန်းအလှဆင်ရုပ်များ၊ စားပွဲတင် အလှဆင်အရုပ်များ ထုဆစ်ခြင်းအပိုင်းနှင့်ပတ်သက်၍ "အလှဆင်ရုပ်တု ထုလုပ်ခြင်းကို ပုံဆန်းလိုင်းလို့ခေါ်ပါတယ်။ နွားရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်ကလေးတွေလို လုပ်ရိုးလုပ်စဉ်မဟုတ်သည့် ထုဆစ်မှုကို ပုံဆန်းလိုင်းလို့ ခေါ်ပါတယ်။ ဒီအပိုင်းမှာကလည်း ပန်းချီပညာ အခြေခံပါလာတယ်။ အနောက်နိုင်ငံများက မှာတာတော့ ပန်းခြံအလှဆင်ပစ္စည်းနဲ့ ဧည့်ခန်းအလှဆင်ပစ္စည်းတွေကို ပုံစံပေးမှာတာ ရှိပါတယ်။ ဥပမာ- ပန်းခြံထဲမှာ ထားတဲ့ ရေအင်တုံမျိုးပေါ့။ စကျင်ကျောက်နဲ့ ထုချင်တယ်။ရေပန်းတိုင် သုံးဆင့်ပါထည့်မယ်ဆိုရင် ဓာတ်ပုံနဲ့ပုံစံပေးပြီး မှာပါတယ်၊ အထည်ကြီးတွေ ဖြစ်ပါတယ်။ ပုံစံတူ ထုလုပ်ပေးရပါတယ်"

ဤကျွန်းလုံးဥသျှောင်ရပ်ရှိ အခြားကျောက်ဆစ်လုပ်ငန်းများမှ ထုလုပ်သည့် ပုံဆန်းပစ္စည်း (အလှဆင်ပစ္စည်း) များကို စင်ကာပူ၊ ထိုင်းစသည့် နိုင်ငံများအထိ တရားဝင်ကုန်သွယ်ရေးမှ တင်ပို့နိုင်ခဲ့ ပါတယ်ဟု ရိုးရာကျောက်ဆစ်လုပ်ငန်း၏ လက်ရှိ အခြေအနေကို ရှင်းလင်းပြောကြားသည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံး ဦးသျှောင်ရပ်သည် ကျွမ်းကျင် ကျောက်ဆစ်လုပ်သားများနှင့်ပညာရှင်များ စုစုစည်းစည်းရှိခြင်း၊ လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းထွက်ရှိရာ ကျောထောက်နောက်ခံနယ်မြေနှင့် အလှမ်းမဝေးခြင်းတို့ကြောင့်မြန်မာနိုင်ငံ၏ အဓိကကျောက်ဆစ်ရပ်ဝန်းအဖြစ် တည်ရှိနေပြီး ရိုးရာကျောက်ဆစ်လုပ်ငန်းလာ အခြေအနေ၏ အကိုင်းအခက်အဖြစ် ထွန်းကားမည့် အလှဆင်ပစ္စည်းအမျိုးမျိုး ထုဆစ်ခြင်းမှ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချ လာနိုင်ခြင်းဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးမှုကိုပါ အတိုင်းအတာတစ်ရပ်အထိ စွမ်းဆောင်နိုင်နေပြီ ဖြစ်ပါသည်။ ။

**ဂိတ်တံခါးမှာပဲထားထား၊ ပန်းခြံမှာပဲ အလှဆင်ဆင် အမြင်တင့်တယ်စေမည့် စကျင်ကျောက်သားခြင်္သေ့များက ဝင့်ဝင့်ထည်ထည်။**

# သာကေတမှ သန်လျင်သို့ ပဲခူးမြစ်ကျော်တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့ သာကေတဓာတ်အားပေးစက်ရုံမှ သန်လျင်ဘုရားကုန်း ဓာတ်အားခွဲရုံသို့ သွယ်တန်းမည့် ၂၃၀ ကေဗွီ နှစ်သွင်၊ သုံးကြိုးနှစ်ထပ် မဟာဓာတ်အားလိုင်း၊ ပဲခူးမြစ်ကျော် တာဝါတိုင် တည်ဆောက်ရေး လုပ်ငန်းခွင် လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးဝင်းဌေးက ပဲခူးမြစ်ကျော်တာဝါတိုင် တည်ဆောက်ရေး လုပ်ငန်းတွင် တာဝါတိုင်ခြောက်တိုင် သတ်မှတ်ပြီး ယခု သာကေတ ဘက်ခြမ်း တာဝါတိုင် အမှတ်(T-10)မှ စတင်ဆောင်ရွက်နေမှု အခြေအနေများ၊ ပဲခူးမြစ်အတွင်း တာဝါတိုင် (T-11, T-12, T-13) နှင့် (T-14) တိုင်လေးတိုင်ကို ဇူလိုင်လ မြစ်ရေ တိုးတက်လာချိန်၌ စက်ယန္တရားများဖြင့် ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများ၊ တာဝါတိုင် အောက်ခြေကို သံကူကွန်ကရစ်ဘိုးပိုင် ဖောင်ဒေးရှင်းချဆောင်ရွက်မည့် အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေလမ်းကြောင်း ထိန်းသိမ်းရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးအုန်းဟန်က ပဲခူးမြစ်အတွင်း မြစ်ရေစီးလမ်းကြောင်းနှင့် သဲသောင်များပေါ်ထွန်းမှုအခြေအနေ၊ သန်လျင်တံတားအမှတ်(၁) အနီးတစ်ဝိုက် မိုးရာသီ မြစ်ရေ တိုးတက်ဖြစ်ပေါ်မှု၊ ရေစီးနှုန်း၊ ရေအတက်အကျနှင့် သာကေတဘက်ခြမ်းရေလမ်းကြောင်း အခြေအနေများ၊ မြစ်ကျော်တာဝါတိုင် တည်ဆောက်ခြင်း စီမံကိန်းအောင်မြင်စွာ ပြီးမြောက်စေရေးအတွက် ရေလမ်းကြောင်း ထိန်းသိမ်းရေး ဦးစီးဌာနမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က သာကေတ–သန်လျင် (၂၃၀) ကေဗွီ မဟာ ဓာတ်အားလိုင်း တာဝါတိုင် တည်ဆောက်ရေး စီမံကိန်းတွင် ဓာတ်အားတိုင်(၃၆)တိုင် လျာထား သတ်မှတ်ပြီး ကုန်းမြေပေါ်တွင် တာဝါတိုင်(၃၂)တိုင်၊ ပဲခူးမြစ်အတွင်း တာဝါတိုင်လေးတိုင် သတ်မှတ်ထားရှိမှု အခြေအနေများ၊တာဝါတိုင် ဒီဇိုင်းနှင့် တိုင်ပစ္စည်းများ ရရှိမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် သာကေတဓာတ်အားပေးစက်ရုံမှ သန်လျင် ဘုရားကုန်း ဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ပဲခူးမြစ်ကျော် တာဝါတိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးစဉ်။** (အမှတ်–၂၊လျှပ်စစ်)

## ပဲခူးတိုင်း( အနောက်ပိုင်း )အမျိုးသမီးရေးရာအဖွဲ့ ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် အဆိုပြုလွှာ ပေးအပ်ပွဲကို ဇွန် ၁၁ရက်တွင် ပြည်မြို့ ပညာရေးကောလိပ်ကျောင်း ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းနှင့်အဖွဲ့ဝင်များ၊ ပညာရေးကောလိပ် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မူမြင့်နှင့် ဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်က အမှာစကား ပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးဒေါ်ခင်ခင်ပြုံးက လူမှောင်ခိုနှင့် လူကုန်ကူးမှုများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ် ဒေါ်ခင်မာဝေက အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းဥပဒေဦးစီးအရာရှိ ဒေါ်အေးအေးချစ်က အမျိုးသမီးများ ရရှိပြီးသော အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် အဖွဲ့ဝင် အဆိုပြုလွှာ ၂၉၄စောင်ကို ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်က ပေးအပ်ရာ အဖွဲ့နာယက ဒေါ်သိန်းပိုင်က လက်ခံယူပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အလှူငွေကျပ် ၁၂၀၀၀၀ ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဦးမြသိန်း–ဒေါ်ခင်မေ၊ သား သမီး မြေးတစ်စုတို့က အလှူငွေကျပ် ငါးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဦးခင်မောင်ဦး၊ ဒေါ်စန်းမြ(ဆန်းနီစားတော်ဆက်) မိသားစုက အလှူငွေကျပ် တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ (ရွှေသင်္ဂီရတနာ ဓမ္မာရုံ အမှတ်၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်) သို့ ပတ္တမြားရိပ်သာ ဆရာတော်ကြီးအား ဦးထိပ်ထားပြီး မန္တလေးမြို့ အောင်တံခွန်သက်န်းတိုက် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့က အမေရိကန် ဒေါ်လာ ၁၁၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်နှင့် ဘဏ္ဍာရေးမှူး ဦးမျိုးထွင့်တို့ လက်ခံယူစဉ်။** (က–ပ)

## တမူးနှင့် မင်းကင်း၌ စည်ပင်သာယာလုပ်ငန်းဆောင်ရွက်

**စစ်ကိုင်း ဇွန် ၁၈**

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဧပြီ ၂၈ ရက်က တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာဦးထွန်းကျော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်နိုင်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

ထို့အတူ မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်တင်မောင်မောင်၊ ဈေးခေါင်း (၄) ဦးမြင့်ထွန်းပိုတို့သည် အဖွဲ့ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ အသင့်ရှိ၊ မရှိ စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြို့နယ်စည်ပင်)**

## လက်ခံရယူ

**ဆရာတော် ဘဒ္ဒန္တဣန္ဒဝလအား အမှူးထား၍ စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှ ဒါယကာ၊ ဒါယိကာမများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၁၂၇၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။** (က–ပ)

**ပျဉ်းမနားမြို့ ရန်အောင်(၁)အုပ်စု မန်ကျည်းတောရပ် ၁၃ လမ်းနေ ဦးမြင့်စိုး–ဒေါ်သန်းသန်း(သီဟသုဓမ္မသင်္ဂီ) မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်း ငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## အင်တာနက်အားကစားသတင်း

# စပိန်ရီးယဲလ်မဒရစ်အသင်း လာလီဂါချန်ပီယံဆုဖလား ဆွတ်ခူး

**မဒရစ် ဇွန် ၁၈**

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးလက်ကျန်ပွဲအဖြစ် ရီးယဲလ်မဒရစ်အသင်းနှင့် ရီးယဲလ်မာယော့ကာအသင်းတို့ ဆန်ဒီယာဂို ဘာနေဘူးကွင်းတွင် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားကြရာ ရီးယဲလ်မဒရစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရီးယဲလ်မဒရစ်အသင်းသည် လာလီဂါဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ရရှိမှုမှာ လေးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

ယခုပွဲတွင် ရီးယဲလ်မဒရစ်အသင်းမှ ဘောလုံးသူရဲကောင်းအဖြစ် သတ်မှတ်ခံရသူမှာ လူစားထိုးဝင်ရောက်လာသူ ဟိုဆေးရေးယက်စ်အန်တိုနီယို ဖြစ်သည်။ ၎င်းသည်ဒုတိယပိုင်း၌ ဝင်ရောက်ကစားခဲ့ပြီးနောက် တစ်မိနစ်အကြာတွင် ချေပဂိုးသွင်းပေးနိုင်ခဲ့ပြီး ပွဲပြီးရန် ခုနစ်မိနစ်အလို၌ ယင်းအသင်း၏ တတိယမြောက်ဂိုးကို သွင်းပေးခဲ့သည်။

ဥရောပချန်ပီယံ ကိုးကြိမ်ဖြစ်ခဲ့သော ရီးယဲလ်မဒရစ်အသင်းသည် ဘာစီလိုနာအသင်းနှင့် အမှတ်တူရပ်တည်ခဲ့ရပြီးနောက် အကြိမ် (၃၀) မြောက် ချန်ပီယံဆုဖလားရရှိရန် အကြိတ်အနယ် ကြိုးပမ်းခဲ့ရသည်။

ပွဲချိန် ၁၇မိနစ်တွင် ရီးယဲလ်မာယော့ကာအသင်းမှ ဖာနန်ဒိုဗာရီလာက ဂိုးသွင်းနိုင်ခဲ့သော်လည်း ပွဲချိန် ၆၈မိနစ်တွင် ရေးယက်စ်က ချေပဂိုး သွင်းပေးနိုင်ခဲ့သည်။

ရီးယဲလ်မဒရစ် အသင်းအတွက် ဒုတိယမြောက်ဂိုးကိုပွဲချိန်မိနစ်၈၀တွင် မာယော့ကာအသင်းမှ ဂိုးသမားအမ်မိုရာက ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ရရှိခဲ့သည်။

အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ရပ်တည်နေသော ဘာစီလိုနာအသင်းမှာ လာလီဂါဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် အောက်ဆုံး၌ရပ်တည်နေသော ဂျင်နက်စတစ်ဒီတာရာဂိုနာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အင်တာနက်**

ဇွန် ၁၇ရက်က စပိန်နိုင်ငံ မဒရစ်မြို့ရှိ ဆန်တီယာဂိုဘာနေဘူးကွင်းတွင် ရီးယဲလ်မာယော့ကာအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ရီးယဲလ်မဒရစ်အသင်း ဂိုးသမား အီကာ ကာစီယက်စ်(ယာ)နှင့် အသင်းဖော်များအောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရီးယဲလ်မဒရစ်နည်းပြ ကာပယ်လို အနာဂတ်မရေရာဟုဆို

**မဒရစ် ဇွန် ၁၈**

ရီးယဲလ်မဒရစ်အသင်း၏နည်းပြ ဖာဘီယိုကာပယ်လိုသည် လာလီဂါဘောလုံးပြိုင်ပွဲတွင်အောင်မြင်မှုအရှိဆုံးနည်းပြတစ်ဦး ဖြစ်လာသော်လည်း ယင်းအသင်းတွင် ၎င်း၏အနာဂတ်မှာ မရေရာကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

မိမိသည် ရီးယဲလ်မဒရစ်အသင်း၏နည်းပြအဖြစ် ဆက်လက်တာဝန်ယူသွားလိုသည်ဟု ကြိမ်ဖန်များစွာ ပြောကြားခဲ့ကြောင်း၊ သို့ရာတွင် မိမိ၏အနာဂတ်မှာ အသင်းဥက္ကဋ္ဌ ရေမွန်ကယ်ဒရွန်း၏ ဆုံးဖြတ်ချက်ပေါ် တည်မှီမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကာပယ်လိုက ပြောကြားသည်။

မိမိသည် ကယ်ဒရွန်းနှင့် လွန်ခဲ့သည့်ရက်သတ္တပတ်က တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ၎င်းထံမှ တိကျသော အာမခံချက်မရရှိခဲ့ကြောင်း အီတလီလူမျိုး ကာပယ်လိုကပြောကြားသည်။ **အင်တာနက်**

# ဆမ်မြူရယ်အီတိုးအား ခေါ်ယူရေး အေစီမီလန်အသင်း ကြိုးပမ်းမည်

**ရောမ ဇွန် ၁၈**

မိမိတို့အသင်းသည် ဘာစီလိုနာတိုက်စစ်မှူး ဆမ်မြူရယ်အီတိုးအားရရှိရေးမှာ နံပါတ်တစ်ရည်မှန်းချက်ဖြစ်ကြောင်း အေစီမီလန်အသင်း ဒုတိယဥက္ကဋ္ဌ အက်ဒရီယာနီးဂယ်လီယာနီက ယနေ့ပြောကြားသည်။

အသက် (၂၆)နှစ်အရွယ်ရှိ အီတိုးသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှင့် အသေချာဆုံးဂိုးသွင်းနိုင်သည့် ဘောလုံးသမားအဖြစ် ရှုမြင်ကြသည်။

ကင်မရွန်းလက်ရွေးစင် ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ အီတိုးသည် ၂၀၀၄ခုနှစ်တွင် ရီးယဲလ်မာယော့ကာအသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိလာသည်။ အီတိုးပါဝင်သော ဘာစီလိုနာအသင်းသည်လွန်ခဲ့သည့်နှစ်က ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲခံနိုင်ခဲ့သည်။ **အင်တာနက်**

# နိုင်ငံတော် ဩဝါဒါစရိယ ရောဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့နယ် မရမ်းကံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရောဝတီတိုင်း၊ မအူပင်မြို့နယ်၊ ခနောင်ထော်ကျေးရွာအုပ်စု မရမ်းအရှေ့ကျေးရွာ၊ ခမည်းတော်ဦးပွတ်၊ မယ်တော် ဒေါ်မင်းမယ်တို့မှ ၁၂၈၃ ခုနှစ်၊ဝါခေါင်လဆန်း ၁၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၂၉၆ခုနှစ်တွင် ကံကျောင်းဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ၁၃၀၃ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ရက် နံနက် ၉ နာရီအချိန်တွင် မရမ်းကွေ့အရှေ့ကံကျောင်းဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ဦးဘတင်၊ ဒေါ်ဖွားမျှင်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ်၊ ခနောင် ထော်ကျေးရွာအုပ်စု၊ မရမ်းအရှေ့ကံကျောင်းဆရာတော် ဦးဝိသုဒ္ဓ၊ မန္တလေးမြို့၊ ပခုက္ကူမြို့တို့မှ စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကိုသင်ရိုးပေါက်အောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ်တွင် မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌတာဝန်၊ တတိယအကြိမ်တွင် တိုင်းသံဃနာယကအဖွဲ့ဝင်၊ ပဥ္စမအကြိမ်တွင် နိုင်ငံတော်ဩဝါဒါစရိယ တာဝန်များကိုဆောင်ရွက်တော်မူလျက် မအူပင်မြို့နယ်၊ ဘုရားသုံးဆူဘုရားကြီး ဂေါပကအဖွဲ့၊ ၁၀၈တောင်ရန်မျိုးအောင်စေတီတော် ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယအဖြစ် သာသနာရေးတာဝန်များကို အားပေးဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်အကျိုး ဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ စသောဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၆၄ခုနှစ်(၂၀၀၃)ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၆၉ခုနှစ်၊ ပထမဝါဆိုလဆန်း(၁)ရက် ၁၅-၆-၂၀၀၇(သောကြာနေ့) ညနေ ၄ နာရီ ၅ မိနစ်တွင် သီတင်းသုံးတော်မူရာ မရမ်းကံကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီး ၂၅-၆-၂၀၀၇(တနင်္လာနေ့)တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့်ဖလားပွဲ စွမ်းအင်အနိုင်ရ၊ ဘဏ္ဍာအခွန်နှင့်ကာကွယ်ရေး သရေကျ

ရန်ကုန် ဇွန် ၁၈

**၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက ကမ္ဘောဇအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဘဏ္ဍာ/အခွန်နှင့် ကာကွယ်ရေး သင်းတို့ဂိုးမရှိ သရေကျသွားသည်။**

**သုဝဏ္ဏကွင်း**

| | |
|---|---|
| စွမ်းအင်အသင်း | လေးဂိုး |
| နိုင်ဝင်း၊ အောင်ကျော်မျိုး-နှစ်ဂိုးစီ | |
| ကမ္ဘောဇအသင်း | နှစ်ဂိုး |
| ကျော်သီဟ-နှစ်ဂိုး | |

ကမ္ဘောဇအသင်းသည် နှစ်ဂိုးသွင်းပြီး ဦးဆောင်ခဲ့သော်လည်း ပထမပိုင်းတွင် ချေပဂိုးနှစ်ဂိုး၊ ဒုတိယပိုင်းတွင် အနိုင်ဂိုးနှစ်ဂိုး ပေးလိုက်ရ၍ ရှုံးနိမ့်ခဲ့ရသည်။

**အောင်ဆန်းကွင်း**

| | |
|---|---|
| ဘဏ္ဍာ/အခွန် | ဂိုးမရှိ |
| ကာကွယ်ရေး | ဂိုးမရှိ |

**ယနေ့ပွဲ**

**သုဝဏ္ဏကွင်း**

မြို့တော်စည်ပင် နှင့် မြန်မာ့မီးရထား

**အောင်ဆန်းကွင်း**

ပို့ဆောင်ရေးနှင့် လယ်/ဆည်

(ကြေးမုံ)

**၂၀၀၇ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ တနင်္ဂနွေနေ့**

**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့**

**အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့**

**ပညာရေးဝန်ကြီးဌာန**

**သားအဖြစ်မှစွန့်လွှတ်ခြင်း**

ကျွန်မ၏သားဖြစ်သူ မောင်မျိုးထွေးသည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်ကျင်အိမ်**
**[၁၂/လသန(နိုင်)၀၀၉၀၄၈]**

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

## ဦးကျော်မြင့်၊ တရားရုံးချုပ်ရှေ့နေ(၃၂၂၆)၏ ၁၅-၆-၂၀၀၇ရက်စွဲဖြင့် ကြေးမုံသတင်း စာပါ"အများသိစေရန် ကန့်ကွက်ခြင်း" နှင့်ပတ်သက်၍ အများသိစေရန် ရှင်းလင်းကြေညာခြင်း

၁၅-၆-၂၀၀၇ ရက်စွဲဖြင့် ကြေးမုံသတင်းစာပါ ဖော်ပြပါရှိသည့် ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၄၉)လမ်း၊ အမှတ် -၂ တည်ရှိသောမြေနှင့် မြေပေါ်ရှိ မြေညီထပ်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ အမှုသည် ဦးအောင်ချိုဦး၏ဖခင်ဖြစ်သူ ဦးဉာဏ်ရှိန်(ခ)ဟင်နရီဖောင်း (နိုင်ငံသား)၏အမည်ဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများတွင် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ အချင်းဖြစ်မြေနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်က တရားရုံးချုပ်(ရန်ကုန်)၊ တရားမအထွေထွေလျှောက်လွှာ(အထူး)အမှုတွင် အနိုင်ဒီကရီ ရရှိထားသူဖြစ်ကြောင်းကိုလည်း ဦးကျော်မြင့် (တရားရုံးချုပ်ရှေ့နေ)ကိုယ်တိုင် သိရှိပြီးဖြစ်ပါသည်။ နိုင်ငံတော်အစိုးရဌာန၊ အဖွဲ့အစည်းမှမည်သည့်အခါမျှ နိုင်ငံခြားပြန်အဆောက်အအုံအဖြစ် သတ်မှတ်သိမ်းဆည်းထားခြင်း မရှိပါ။

အချင်းဖြစ်မြေနှင့် အဆောက်အအုံနှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရဌာနများတွင် နိုင်ငံတော်မှ နိုင်ငံခြားပြန်အဆောက်အအုံအဖြစ် သတ်မှတ်ထားပြီးဖြစ်ကြောင်း တရားဝင်ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်တကွ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်တင်ပြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ဦးကျော်မြင့်အနေဖြင့် တရားဝင်ခိုင်လုံသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကျွန်ုပ်၏အမှုသည်၏ပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်ရာရောက်သည့်အပြင် ဂုဏ်သိက္ခာကိုပါ ထိပါးစော်ကားရာရောက်သဖြင့် လူကြီးမင်း၏ အများသိစေရန်ကန့်ကွက်ခြင်းကို (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် ထပ်မံအသိပေးအပ်ပါသည်။ ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက ကျွန်ုပ်၏အမှုသည်က တည်ဆဲတရားဥပဒေများအရ ဆက်လက်အရေးယူတော့မည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်ချိုဦး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်စုံ စဥ်-၇၀၀၅**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ် ဃ/၂၄၅၊ ဝေပုလ္လ(၆)လမ်း၊**
**(ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## ပြည့်ဖြိုးအောင်ဝင်းကြည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သူ အများသိစေရန် ကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၂) ၏ မြေနှင့်အိမ်ပိုင်ရှင် ဒေါ်ခင်တင့် CG-012010၏အထွေထွေကိုယ်စားလှယ် လွှဲစာရရှိသူ ဦးကျော်ဦး [၁၂/သလန(နိုင်) ၀၃၃၅၄၂]၏ ညွှန်ကြားချက်အရ

၂။ ပြည့်ဖြိုးအောင်ဝင်းကြည် ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးဝင်းကြည် AA-078872၊ အမှတ်-၂၀၃၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေသူထံ မြေပိုင်ရှင်ဒေါ်ခင်တင့်၏ အထွေထွေကိုယ်စားလှယ်စာရသူက ၅-၂-၂၀၀၅ရက်စွဲပါစာချုပ်ဖြင့်(၂)ခန်းတွဲ ၇-ထပ်တိုက်သစ်ဆောက်လုပ်ရန် အခန်းပေးအခန်းယူစနစ်ဖြင့်အပ်နှံခဲ့ရာ သတ်မှတ်ချိန်အတွင်း တိုက်သစ်မပြီးစီးခဲ့ပါ။ နောက်ဆက်တွဲစာချုပ် (က)၊ (ခ)၊ (ဂ)၊ (ဃ)တို့အရ ထပ်မံရက်ချိန်းတိုးမြှင့်ပေးသော်လည်း နောက်ဆုံးရက်ချိန်း ၃၀-၄-၂၀၀၇ရက်နေ့အထိ တိုက်သစ်ကိုပြီးစီးအောင် ဆောက်လုပ်ပေးခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ၁-၅-၂၀၀၇ရက်နေ့မှစတင်ကာ မြေပိုင်ရှင်ကိုယ်တိုင်တိုက်သစ်ကို ဆက်လက်ဆောက်လုပ်နေရသည့်အတွက် ပြည့်ဖြိုးအောင်ဝင်းကြည်ဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးဝင်းကြည်ထံမှ အဆိုပါကန်ထရိုက်တိုက်သစ်လုပ်ငန်းခွင်ကို မြေပိုင်ရှင်က အပြီးအပိုင် သိမ်းယူလိုက်ကြောင်း ကြေညာအပ်ပါသည်။

၃။ ကန်ထရိုက်တာ ဦးဝင်းကြည်ထံမှ တိုက်ခန်းဝယ်ယူထားသူများသည် မြေပိုင်ရှင်အသိအမှတ်ပြုလက်မှတ် မပါရှိပါက မြေပိုင်ရှင်မှတာဝန်မယူပါ။ ကန်ထရိုက်တာ ဦးဝင်းကြည်နှင့်သာ ဖြေရှင်းကြရန်ဖြစ်ပါသည်။ အဆိုပါတိုက်သစ် လူနေထိုင်ခွင့်အမိန့်မရရှိမီ မြေပိုင်ရှင်အသိအမှတ်မပြုသူမည်သူ့ကိုမျှ ဝင်ရောက်နေထိုင်ခြင်း၊ ပစ္စည်းထားသိုခြင်း ခွင့်မပြုပါကြောင်းမြေပိုင်ရှင်၏ကိုယ်စား သတိပေးတားမြစ်လိုက်ပါသည်။ မလိုက်နာသူများအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးလှမြင့် (B.A, H.G.P, R.L)**
**အထက်တန်းရှေ့နေ (စဉ်-၁၃၇၄၆)**
**အမှတ်(၂၃/အေ)၊ မြေညီထပ်(ယာ)၊**
**မဟာဗောဂလမ်း၊ ကျိုက်တော်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့.**

## အများသိစေရန်

ကိုရဲနိုင်ဝင်း[၁၂/ကတန(နိုင်)၀၀၀၄၃၂]သည် မိမိဆန္ဒအတိုင်း အိမ်ပေါ်မှဆင်းသွားပါ၍ ခင်ပွန်းအဖြစ် မသက်ဆိုင်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ လာရောက်နှောင့်ယှက်ပါက တရားဥပဒေအတိုင်း ဆောင်ရွက်ပါမည်။

**မခင်မြတ်နွယ်ထွန်း[၁၂/သလန(နိုင်)၀၆၆၂၅၉]**

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လယ်ဝေးမြို့နယ်ရှိ သစ်စက်များကို ကြည့်ရှု မင်းပြင်ကြိုးဝိုင်းနှင့် ရန်ပယ်ကြိုးဝိုင်း ကျွန်းအထူးစိုက်ခင်းများကို စစ်ဆေး

နေပြည်တော် ဇွန် ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အမှတ်(၁၉)သစ်စက်(ဝင်တဲကူး)၊ အမှတ်(၅၆)သစ်စက်(သစ်ပုတ်ပင်)၊ အမှတ်(၇)သစ်စက်(သစ်ပုတ်ပင်)နှင့် အမှတ်(၂၈)သစ်စက် (မင်းပြင်)သို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်များ၌ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းနှင့် စက်ရုံမှူးများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စက်ရုံများအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်းအတွင်း ကျွန်းအထူးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## အင်တာနက်သိပ္ပံသတင်း

## ပြင်းထန်သောအပူလှိုင်းကျရောက်မှု မြေထဲပင်လယ်ဒေသ၌ မကြာခဏဖြစ်ပေါ်နိုင်

ဝါရှင်တန် ဇွန် ၁၈

မြေထဲပင်လယ်ဒေသတွင် ၂၀၀၃ ခုနှစ် အချိန်ကာလက ပြင်းထန်သည့်အပူလှိုင်း ကျရောက်ခဲ့သည့်အတွက် လူပေါင်း ၁၈၀၀၀မျှအပူဒဏ်သင့်၍ သေဆုံးခဲ့ရသည်။ ယခုရာစုနှစ် အကုန်ထိကာလအတွင်း မြေထဲပင်လယ်ဒေသ၌ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေကို သိပ္ပံပညာရှင်များက လေ့လာကြရာ ၂၀၀၃ ခုနှစ်ကကဲ့သို့ ပြင်းထန်သောအပူလှိုင်း ကျရောက်မှုမျိုး မကြာခဏ ဖြစ်ပေါ်နိုင်သည်ကိုတွေ့ရှိရကြောင်း ဇွန် ၁၅ရက်တွင် ထွက်ပေါ်လာသည့် သတင်းများအရသိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၀၃ခုနှစ် နွေရာသီအပူလှိုင်း ကျရောက်စဉ်က အပူဒဏ်သက်သာစေရန် နားနေကြသူများကို စိန့်မြစ်နံဘေး၌တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# NLD ပါတီသည် နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များနှင့် နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ရှေးရှုလုပ်ဆောင်နေ

# NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသဖြင့် အိမ်မဲမြို့နယ်မှ ပါတီဝင် ၃၁ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၈

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ချောင်းသာကြီးကျေးရွာနေ ဦးမြင့်ဆွေ၊ ဦးစိုးလေး၊ ဦးမြအောင်တို့ အပါအဝင် ပါတီဝင် ၁၂ ဦး၊ ပုလုံညောင်ဆိုင်းကျေးရွာနေ ဦးသာအေးနှင့် ဦးမြင့်ဆွေ၊ တံခွန်တိုင်အညာစုကျေးရွာနေ ဦးတင်ညွန့်၊ ဦးဘဂျမ်း၊ ဦးချိုချိုတို့အပါအဝင် ပါတီဝင်ကိုးဦး၊ တကောကျေးရွာနေ ဦးတင်ရီ၊ ဦးအပေါင်းတို့အပါအဝင် ပါတီဝင်လေးဦး၊ ပါရမီဒေါင့်ကျေးရွာနေ ဦးစန်းလွင်နှင့် ဦးဝင်းဦး၊ ရာဂူးရိုးကျေးရွာနေ ဦးလှရီနှင့် ဦးထွန်းမြိုင် စုစုပေါင်း ပါတီဝင် ၃၁ ဦးတို့သည် ဇွန် ၇ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များ၊ နိုင်ငံနှင့်လူမျိုး အကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်များကို ရှေးရှုလုပ်ဆောင်လျက်ရှိကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ၊ NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့သောကြောင့် ၎င်းတို့၏ဆန္ဒအလျောက် NLDပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

## ယနေ့ မိုးလေဝသ (၁၉–၆–၂၀၀၇)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။